လက်ရွေးစင် ဓမ္မပဒ ဝတ္ထုတော်

# သာမာဝတီဝတ္ထု

★ ဥတေနဝတ္ထု
★ ဃောသကသဌေး
☆ စဏ္ဍပဇ္ဇောတဝတ္ထု
☆ ခုဇ္ဇုတ္တရာဝတ္ထု
☆ မာဂဏ္ဍီဝတ္ထု

( ပထမအကြိမ် )

၉၂

ဦးလှစင်(အမ်းညွှန့်ပြီး၊ စီစဉ်ရေးသားသည်

သက်သာ စာစဉ် အမှတ်စဉ် ၇

## နိဒါန်းပြုကျမ်းများ

၁။ ပြာသာဒ်ကျောင်းဆရာတော်အရှင်သာရဒဿီ၏ဓမ္မပဒ ပါဠိတော်အဋ္ဌကထာ နိဿယ၊ ၄တွဲ(လယ်တီမဏ္ဍိုင်)

၂။ အရှင်စန္ဒိမာ၏ ဓမ္မပဒ ဝတ္ထုတော်ကြီး ၅ တွဲ (ရတနာ့ ဝါဒီ)

၃။ မြို့သစ်ကျောင်းတိုက် ဆရာတော် အရှင်တိလောက သာရ၏ ခေတ်မီမြန်မာ ဓမ္မပဒဝတ္ထုကြီး။

၄။ ဦးမြင့်ဆွေ(လန်ဒန်)၏ ဓမ္မပဒဝတ္ထု။

၅။ ဓမ္မပဒဂါထာတော် နိဿယ(ဆဋ္ဌမူ) ဗုဒ္ဓသာသနာ့ ပုံနှိပ်တိုက်။

## ရှေးကျမ်းတော်လာ မှတ်ဖွယ်ရာများ

၁။ မဟာဗုဒ္ဓဝင် (ဗုဒ္ဓသာသနာမူ)

၂။ သုတေသန သရုပ်ပြ အဘိဓာန် (အရှင်ဩဘာသ ဘိဝံသ)

# မှတ်သားဖွယ်ရာ ကျမ်းတော်လာ

## ဘုရားအလောင်းတော်သန္ဓေယူချိန်

ဘုရားအလောင်းတော် သန္ဓေတည်ချိန်၌၊ မယ်တော်မာယာဒေဝီ၏ အသက်သည် ငါးဆယ့်ခြောက်နှစ် ခြောက်လ၊ အရက်နှစ်ဆယ်ဟူ၍ ရှေးဆရာကျော်တို့ မိန့်ဆိုတော်မူခဲ့ ကြသည်။ (၅၆ နှစ် ၆ လ ၂၀ ရက်)

ဤသို့ ဒုတိယအရွယ်၏ နောက်ဆုံးအပိုင်း တတိယအရွယ်မရောက်မီကာလတွင် သန္ဓေယူရခြင်းမှာ ထိုအရွယ်၌ အမိဝမ်းတိုက်တည်း ဟူသော ဝတ္ထုအိမ်သည် သန့်ရှင်း၍ နေခြင်းကြောင့်ဖြစ်သည်။

မယ်တော်သည် ဘုရားလောင်းဖွားမြင်ပြီး ခုနစ်ရက်အကြာ နတ်ရွာစံရသည်။ ကံကုန်ချိန်ရောက်၍သာ နတ်ရွာစံခြင်းဖြစ်သည်၊ ဘုရားလောင်းဖွားရ၍မဟုတ်ပါ။

အလောင်းတော်နတ်သား ကြည့်ခြင်းကြီးငါးပါးကို ကြည့်တော်မူစဉ်ကပင် မယ်တော်မာယာ၏ သက်တန်းမှာ ၁၀ လနှင့် ၇ ရက်သာရှိတော့ကြောင်း ၊စဉ်းစားဆင်ခြင်ပေမည်။

အကြောင်းမှာ ဘုရားအလောင်းတော် သန္ဓေကိန်းဝပ်ရာ ကြာတိုက်သည် ဘုရားစေတီကိန်းစံရာ ဂန္ဓကုဋီတိုက် ကဲ့သို့ပင် အခြားသူတို့သုံးဆောင်ရန် မထိုက်တော့သဖြင့်အလောင်းတော် ဖွားပြီး ၇ ရက်တိုင်ရုံသာ မယ်တော်၏ အသက်ကြွင်း ရှိရမြဲ ဓမ္မတာဖြစ်သည်။

# ဆွမ်းကပ်သူများ သတိထား

ရဟန်းသံဃာတော် တို့အား ဆွမ်းကပ်လာသော အခါ အကပ်မြောက်ကြောင်း အင်္ဂါငါးပါးကို သိထားရန်လိုပါသည်။

(၁) ရှေးရှုလည်းဆောင်၊ (၂) နှစ်တောင့်ထွာရောက် (၃) မြောက်နိုင်ဝတ္ထု၊ (၄) သုံးခုပေးခြင်း(၅) ခံခြင်းနှစ်လောက် ကျမ်းလာထောက်၊ ကပ်မြောက်အင်္ဂါငါးပါးတည့်။

(၁) ရှေးရှုဆောင်ယူလာသောပစ္စည်းဖြစ်ခြင်း၊
(၂) နှစ်။တောင့်ထွာအကွာအဝေး၌ကပ်ခြင်း၊
(၃) ယခုခေတ် အားကောင်းသူ တယောက် နိုင်လောက် ကိုင်မြောက်နိုင်သော ပစ္စည်းဖြစ်ခြင်း၊
(၄) ကိုယ်နှင့်ပေးခြင်း၊ ကိုယ်နှင့်စပ်သော ဇွန်း၊ယောက်မ စသည်တို့ဖြင့်ပေးကပ်ခြင်း၊ နှစ်တောင့်ထွာအတွင်း၌ ပစ်မြောက် လှိမ့်တွန်း၍ ပေးကပ်ခြင်း သုံးမျိုးကို ဆိုသည်။
(၅) ကိုယ်ဖြင့်ခံယူခြင်း၊ ကိုယ်နှင့်စပ်သောခွက်၊ သပိတ်၊ စားပွဲခုံ စသည်တို့ဖြင့်ခံယူခြင်း နှစ်ပါးကို ဆိုသည်။

(သုတေသန သရုပ်ပြအဘိဓာန်)

မှတ်ချက်။ ။ရဟန်းတော်များအား ကပ်လှူပြီးသော ဆွမ်းစားပွဲနှင့် စားပွဲပေါ်ရှိ ပန်းကန်အစရှိသော ဝတ္ထုပစ္စည်းအရပ်ရပ်ကို မထိမကိုင် မရွှေ့ပြောင်းရပါ။

၁၆၅၇၄

## သက်သာစဉ် အမှတ် (၇)

# သာမာဝတီဝတ္ထု

လက်ရွေးစင် **ဓမ္မပဒ** ဝတ္ထုတော်

တို့၏ ဓမ္မဒါနအလှူတော်

နတ် လူ သာဓု ခေါ်စေသော်—

ဤကောင်းမှုကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် လျင်မြန်ထိုးဖောက် သိမြင်ပြီး နိဗ္ဗာန်ပြည်မြတ်သို့ ကူးမြောက်နိုင်ပါစေသတည်း။

ဦးလှခင် (ဆန်းညွှန့်ဦး) စီစဉ်ရေးသားသည်

သက်သာ စာစဉ် | တအုပ် ၃/-

ဘာသာရေးခွင့်ပြုချက်အမှတ် (၆၄၇)

မျက်နှာဖုံးနှင့် အတွင်းပုံများခွင့်ပြုချက်အမှတ် (၁၀၃)

ပထမအကြိမ်

၁၉၇၃-ခု ဇူလိုင်လ

ဈေးနှုန်း ၃-ကျပ်

## ဝန္ဒနာနှင့် ဆုပန်လွှာ

### ပဥ္စဂုဏံ အဟံဝန္ဒာမိ သဗ္ဗဒါ

သုံးပါးရတနာ၊ မြတ်ဆရာနှင့်၊ နှစ်ဖြာ မိဘ၊ များလှကျေးဇူး၊ ဂုဏ်အထူးကို၊ ကြည်နူးသဒ္ဓါ၊ ဝန္ဒနာဖြင့်၊ ဦးထွာရိုကျိုး၊ ကျွန် ရှိခိုး၏။

ထို့ပြင်တဝ— ဖတ်ရ မှတ်ရ၊ ကြားနာရသည့်၊ သုတ ဖြာဖြာ၊ ဆည်းပူးရာသား၊ ဆရာများပါ ဝတ်တွားဝန္ဒာရှိခိုးကာလျှင်၊ ဤစာကျမ်းမြတ်၊ ပြုစုအပ်သည့်၊ နိဗ္ဗာန်ပြည်မြတ် ရည်သတည်း။

ထုတ်ဝေသူ။ ။ဦးလှခင်(၀၁၂၀၅ မြဲ)
ဆန်းညွန့်ဦး စာအုပ်တိုက်၊
အမှတ် ၁၃၃၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ။ ။ဦးလှခင်/ဆန်းညွန့်ဦး (၀၁၀၂၀မြဲ)
ဆန်းညွန့်ဦးပုံနှိပ်တိုက်
အမှတ် ၁၃၃၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။


ဥတေနဝတ္ထု
၇/၁

# စောင်းနှင့် မန္တာန်

ရှေးသရောအခါက။

အလ္လကပ္ပမင်းနှင့် ဝေဌဒီပကမင်းတို့သည် ကျောင်းနေဘက် သူငယ်ချင်း ရင်းနှီးချစ်ခင်ကြသူများဖြစ်ကြသည်။

မင်းနှစ်ပါးတို့သည် မပြတ် တွေ့ဆုံကြ၏။ ပဒ္ဒိသန္ဓေနေကြသော၊ ဖွားမြင်ကြသော၊ သေလွန်ကြသော လူအပေါင်းတို့ကို မြင်၍ "သေလွန်ကြသူတို့၏နောက်သို့ အစဉ် လိုက်ပါကြသော ပစ္စည်းဥစ္စာမည်သည်မရှိ၊ မိမိခန္ဓာကိုယ်သည်လည်း လိုက်ပါ၍ မသွား၊ အားလုံးကိုစွန့်၍ သွားကြရသည်ချည်းသာ ဖြစ်သည်။ ငါတို့ လူ့ဘောင်၌နေ၍ အကျိုးထူးမည်မဟုတ်၊ ရဟန်းပြုကြစို့"ဟု တိုင်ပင်၍ တိုင်းပြည်သာမက၊ စည်းစိမ်ဥစ္စာတို့ကို စွန့်ခဲ့ကြပြီး မင်းနှစ်ပါးရဟန်းပြုကာ တောသို့ထွက်ခဲ့ကြ၏။

ငါတို့သည် တရားရှာလို၍ တောသို့ထွက်ခဲ့ကြ၏။ထို့ကြောင့် တဦးစီခွဲ၍ ကျင့်ကြံအားထုတ်ကြစို့ဟုတိုင်ပင်ကြ၏။ [တောင်နှစ်လုံးတွင် တဦးစီနေထိုင်ကြပြီး ၁၅ ရက်တကြိမ် မီးထွန်း၍ အချက်ပြရန် ကတိကဝတ်ထားခဲ့ကြ၏။] (ပုံ ၂ အပေါ်ပုံ)

ကာလကြာသော် ဝေဌဒီပကရသေ့ ကွယ်လွန်၍ တန်ခိုးကြီးသောနတ် ဖြစ်လာ၏။

၁၅ ရက်တကြိမ် မီးအချက်ပြ ပြည်ကိုမမြင်လျှင် ဝေဌဒီပကရသေ့ ကွယ်လွန်ကြောင်း အလ္လကပ္ပရသေ့သည် သိ၏။

ဝေဌဒီပကနတ်သားသည် အလ္လကပ္ပရသေ့ထံ နတ်အသွင်ဖြင့် သွားရောက် ဖူးမြော်ပြီး ချမ်းသာစွာ တရားကျင့်နိုင်ပါ၏လော ဟု မေး၏။

ဆင်ရိုင်းများနှောင့်ယှက်၍ ပင်ပန်းလှသည်ဟု ပြော၏။



နတ်သားသည် အလ္လကပ္ပရသေ့အား သင်ကိုနိုင်ပေသော ဟတ္ထိကန္တမန္တန်နှင့်တကွဟတ္ထိကန္တစောင်းကိုပေးအပ်၏။ (ပုံ ၂)

ဤမန္တန်ကိုရွတ်ဆို၍ ပထမစောင်းကြိုးကို တီးသော် ပြန်မကြည့်ဝံ့ပဲ ဆင်တို့ပြေးကြလိမ့်မည်။ ဒုတိယစောင်းကြိုးကိုတီး၍ မန္တန်ကိုဆိုသော် ပြန်လှည့်၍ နောက်သို့ကြည့်ကာ ပြေးမည်၊ တတိယစောင်းကြိုးကိုတီး၍ မန္တန်ကိုဆိုသော် ဆင်တို့၏အကြီး အမှူးဆင်သည် ကျောခင်း၍လာလိမ့်မည်ဟု သင်ကြားပြောဆို ပြီးသော် ရသေ့ကိုရှိခိုး၍ ပြန်သွား၏။

အလ္လကပ္ပရသေ့သည် ထိုနေ့မှစ၍ ဆင်တို့ နှောင့်ယှက်မှု တင်း၍ ချမ်းသာစွာနေရ၏။

## ဥတေနမင်း ဖွားမြင်ခြင်း

ထိုအခါ ကောသမ္ဗီပြည်၌ ပရန္တပမင်း၏မိဖုရားသည် ကိုယ် ဝန်အရင့်အမာနှင့် ကမ္ဗလာနီစောင်ကိုခြုံ၍ အဖိုး တသိန်းတန် မင်းတံဆိပ်ပါသော လက်စွပ်ကို လက်၌ဝတ်လျက် နန်းတော် လေသာဆောင်၌ နေပူစာလှုံနေ၏။

ဟတ္ထိလိင်ငှက်ဆင်ကြီးက ကမ္ဗလာနီခြုံထားသည်ကို သား တစ်ထင်မှတ်၍ မိဖုရားအားသုတ်ချီသွားလေ၏။ (ပုံ ၃)

မိဖုရားသည် အော်ဟစ်ခြေ ကာလှန်ပါက ကြောက်လန့်၍ လွှတ်ချလျှင် ကိုယ်ဝန်နှင့်တကွ ငါ့အသက်ပါဆုံးရှုံးပျက်စီး မည်ဟု ကြံစည်၍ အသံမပြုပဲနေ၏။



ငှက်ဆင်ကြီးသည် ဟိမဝန္တာရှိ ညောင်ပင်ကြီး ကိုင်းခွဆုံ၌ သားတစ်ကို စားတော့အံ့ဟု ဆင်းသက်နားလျှင် မိဖုရားသည် လက်နှစ်ဘက်ကိုမြှောက်၍ လက်ခုတ်လက်ဝါးတီးကာ အော်ဟစ်ခြောက်လှန့်သဖြင့် ငှက်ဆင်ကြီးလန့်၍ပြေးလေ၏။

နေဝင်ချိန်၌ မိဖုရား၏ကမ္မဇလေတို့သည် လှုပ်ကုန်၏။

အရပ်လေးမျက်နှာတို့၌ ထစ်ချုန်း၍ မိုးတို့သည်ဘက်ကုန်၏။

နန်းတော်တွင်း၌ အယုအယချမ်းသာစွာနေခဲ့ရသောမိဖုရားအဖို့ "သခင်မ-မကြောက်ပါနှင့်"ဟု အားပေးမည့်သူ တစုံတယောက်မျှမရှိပဲ ကမ္မဇလေ၏လှုပ်ရှားမှုနှင့် သည်းထန်လှသောမိုးကြီးအကြားတွင် ကြီးစွာသောဒုက္ခဖြင့်တညဉ့်ပတ်လုံးနေခဲ့ရ၏။

ညဉ့်ကုန်ဆုံး၍ မိုးသောက်လတ်သော်၊ မိုးတိမ်ကင်းစင်ခြင်း၊ အရုဏ်တက်ခြင်းနှင့် ကိုယ်ဝန်မွေးဖွားခြင်းတို့သည် တပြိုင်နက်ဖြစ်လေ၏။ ချစ်ဖွယ်သားငယ်ကို အန္တရာယ်ကင်းစွာ မွေးဖွားနိုင်ခဲ့၏။

မိဖုရားသည် မိုးဥတု အငွေ့အသက်၊ တောင်ဥတု အငွေ့ အသက်နှင့် နွေအရှက်ဥတု အငွေ့အသက်တို့ကို ယူ၍ ဖွားမြင်ရသဖြင့် သားငယ်အား(ဥတေန)ဟု အမည်ပေးလေ၏။

## အလ္လကပ္ပရသေ့နှင့် တွေ့ခြင်း

အလ္လကပ္ပရသေ့၏ကျောင်းသင်ခန်းသည် ထိုနေရာမနီးမဝေး၌ရှိ၏။ မိုးရွာသောနေ့၌ သစ်သီးရှာရန် တောသို့မသွား၊ အနီးအနားမှ ရရာဖြင့်ရောင့်ရဲ၏။

အလ္လကပ္ပရသေ့သည် အစားအစာအလို့ငှာ ညောင်ပင်အောက်သို့ရောက်လျှင် ကလေးငိုသံကြား၍ စုံစမ်း၏။

ငှက်စွန်ချီလာ၍ ညောင်ပင်ခွခြားတွင် သားဖွားကြောင်း သိရလျှင် အောက်သို့ဆင်းခဲ့ရန် ပြော၏။ (ပုံ ၄ )

"အရှင် ဇာတ်ပျက်မည် ကြောက်ပါ၏" ဟုဆို၏။



## မိဖုရား၏ မာယာကျော့ကွင်း

ရသေ့က "အဘယ်ဇာတ်နည်း" ဟုမေး၏။ "မိဖုရားဖြစ်သည်" ဟုပြောလျှင် "ငါသည် မင်းပင်တည်း" ဟု ရသေ့က ပြော၏။ "ဤသို့ဆိုလျှင် မင်းပရိယာယ်ကို ပြောကြားပါ" ဟု ဆို၏။ ရသေ့က မင်းပရိယာယ်ကို ပြောကြားလျှင် မိဖုရား ယုံကြည်၍ အောက်သို့ဆင်းမည်ဟု ဆို၏။

ရသေ့က ညောင်ပင်ဘေး တဘက်တွင် တက်လမ်းပြု၍ ကလေးကိုချပေး၏။ မိဖုရားလည်း ထိုတက်လမ်းမှ ဆင်းခဲ့၏။ မိဖုရားနှင့် ကလေးတို့ကိုကျောင်းသို့ခေါ်၍ သီလပျက်စီးခြင်းကို မပြုပဲ ကောင်းစွာစောင့်ရှောက် ကျွေးမွေးထား၏။ (ပုံ ၅)




တာ.ယအာဘန်ကြာသော် မိဖုရားကစဉ်းစ းး၏။ "ငါသည် သွားလမ်း လာလမ်းကို သိသူမဟုတ်၊ ရသေ့နှင့်လည်း အကျွမ်းဝင်ခြင်းမရှိ၊ ငါ့ကိုစွန့်၍ သွားခဲ့သော် ငါတို့သားအမိ ဤနေ

ရာ၌သာ သေရတော့အံ့။ ရသေ့၏ သီလကိုဖျက်၍ ငါ့ကို မလွတ်နိုင်ရန် ပြုရန်သင့်၏” ဟု ကြံစည်ပြီး ရသေ့ကို ဖျားယောင်း၍ သီလပျက်စီးစေ၏။ မင်းရသေ့နှင့် မိဖုရားတို့သည် အညီအညွတ်ပေါင်း၍ နေကြကုန်၏။

ဥတေန အရွယ်ရောက်ချိန်တွင် မင်းရသေ့သည် နက္ခတ်ကို ကြည့်ယင်း ကောသမ္ဗီပြည်မှ ပုရန္တပမင်း ကွယ်လွန်ကြောင်း ပြောပြ၏။ မိဖုရားသည် ငိုကြွေး၏ မင်းရသေ့က အနိစ္စတရား ပြ၍ ဖြေသိမ့်၏။

မိဖုရားက သားကလေးအတွက် ငိုကြွေးမိခြင်း ဖြစ်ပါသည်၊ အကယ်၍ နန်းတွင်း၌ မွေးဖွားခဲ့လျှင် မင်းအဖြစ်ရောက်ရမည်သာ ဖြစ်သည်ဟု ဆို၏။



ရသေ့က မစိုးရိမ်ပါနှင့်ဟု ဥတေနအား မင်းတို့တတ်အပ်သော ပညာများကို သင်ကြားပေး၏။ (ပုံ ၆) ဥတေနသည် အလွယ်နှင့် တတ်မြောက်အောင် စွမ်းဆောင်နိုင်ခဲ့၏။

# ဥတေန ပြည်တော်သိမ်းခန်း

မင်းတို့ တတ် အပ် သော အဘတ် တို့ကို တတ်မြောက်လျှင် ရသေ့သည် ဥဘေနအား စောင်းကိုပေးအပ်၍ မန္တန်တို့ကိုသင်ကြားပေး၏။ မိဖုရားအား "ချစ်နှမ သင့်သားအား သတင်းစကားကိုဆိုလေလော့၊ ဤအရပ်မှသွား၍ မင်းဖြစ်တော့လတ္တံ့" ဟု ဆိုလေ၏။

မယ်တော်မိဖုရားသည် ကောသမ္ဗီပြည် နန်းတွင်းရေးရာတို့ကို မှာကြား၍ နန်းစဥ် လက်စွပ် နှင့် တကွ ကမ္ဗလာနီ တို့ကိုပေးအပ်လိုက်၏။ (ပုံ ၇)

ဥတေနသည် မန္တန်ရွတ်၍ စောင်းကြိုးကို တီးခတ်သော် ဆင်ပြောင်ကြီး ရောက်လာ၏။

ဥဘေနသည် ဆင်ပြောင်ကြီးကို စီးပြီးနားသို့ကပ်၍ "အရှင်ဆင်မင်း ကျွန်ုပ်အား အဖ၏အမွေဖြစ်သော ကောသမ္ဗီပြည်၌ မင်းအဖြစ်ကိုယူ၍ ပေးလေလော့" ဟု တိုင်ပင်ပြောဆို၏။

ဆင်ပြောင်ကြီးသည် စကားကိုကြားလျှင် ဆင်သံကိုမြည်၏။ ထောင်ပေါင်း များစွာသောဆင်တို့ စည်းဝေး ရောက်လာကြကုန်၏။ တဖန် ဆင်သံကိုမြည်ပြန်လျှင် ဆင်အိုတို့ပြန်သွားကြ၏၊ တဖန်မြည်ပြန်သော် ဆင်ငယ်တို့ပြန်ကြကုန်၏။ ဥဘေနမင်းသားသည် ထောင်ပေါင်းများစွာသော ဆင်အုပ်ကြီးဖြင့် ခြံရံလျက် လမ်းခရီးတွင် လူသူအင်အား စုဆောင်း၍ သွား၏။

ကောသမ္ဗီပြည်သို့ ရောက်လျှင် မြို့ကိုဝိုင်း၍ ထားပြီး "တိုင်းပြည်ကို အပ်မည်လော၊ စစ်ဘိုက်ခွင့်ပေးမည်လော" ဟု သတင်း

၃၄၇၂



ပို့လိုက်၏။ ကောသမ္ဗီပြည် အမတ်စစ်သူကြီးတို့က "နှစ်မျိုးစလုံး ပင်မပေးနိုင်၊ ငါတို့မိဖုရားကြီးသည် ကိုယ်ဝန်နှင့်တကွ ငှက်ဆင် ချီသွားသည်မှာ ထိုမိဖုရားကြီး ရှိသေးသည် မရှိသေးသည်ကို မသိရ၊ စုံစမ်း၍ ဆိုင်းငံ့နေဆဲပင် ဖြစ်သည်" ဟု အကြောင်း ပြန်၏။

"ငါသည် မိဖုရားကြီး၏ သားတည်း" ဟု ဆိုပြီး အမတ်စစ်သူကြီးတို့၏ အမည်တို့ကိုပြောပြ၍ နန်းစဉ်ပတ္တမြားလက်စွပ်နှင့်တကွ ကမ္ဗလာနီတို့ကို ထုတ်၍ ပြ၏။ ကောင်းစွာ မှတ်မိ၍ မြို့တံခါးကို ဖွင့်လှစ်ကာ ဥတေနမင်းသားကို မင်းအဖြစ် အဘိသိက်သွန်းလေ၏။

# ကောသမ္ဗီပြည်

ဥတေနမင်းလက်ထက်တွင် ကောသမ္ဗီပြည်ကြီးသည် အလွန်စည်ကား ကြီးကျယ်လှ၏။

ဃောသကသဌေးသမီး သာမာဝတီကို မောင်းမငါးရာနှင့်တကွ မိဖုရားမြှောက်၏။

ဘုရားရှင်အား ရန်ငြိုးထားသော မာဂဏ္ဍီအား မိဖုရားမြှောက်၍ မောင်းမငါးရာနှင့် ထား၏။

စဏ္ဍပဇ္ဇောတမင်း၏ သမီးတော် ဝါသုလဒတ္တာကို စွန့်စွန့်စားစားခိုးယူခဲ့ပြီး မိဖုရားအဆုမြှောက်၏။

ဥတေနမင်းသည် မိဖုရားအချောအလှများ ဝန်းရံသလောက်စစ်အင်အား ကြီးမားလှ၏။ အမွှားအမှုန် ချင့်ချိန် ဝေဖန်နိုင်သောဥာဏ်စွမ်းလည်း ရှိ၏။

ဘုရားရှင် သာသနာတော်သည် ဥတေနမင်းလက်ထက်တွင် ကောသမ္ဗီပြည်၌ ထွန်းကား၏။

မြတ်စွာဘုရားသခင်ဝါတော် နှစ်ကြိမ်ဆိုရာအရပ်ဖြစ်၏။

(ဤကား မှတ်ချက်)

# ဃောသက ဝတ္ထု

၇/၈

## ဃောသက၏ ဘဝအစ

အလ္လကပ္ပတိုင်း၌ ကပ်ရောဂါဆိုးကြီးကျရောက်၏။ မြွေဆိပ်ပမာ ကူးစက်တတ်သော ရောဂါဖြင့် လူပေါင်း များစွာသေကြ၏။

ကောတုဟလိက နှင့် ကာပိအမည်ရှိသော လင်မယားနှစ်ယောက်သည် ကာပိအမည်ရှိ မွေးစားသားငယ်ကို ပွေ့ချီကာ ကောသမ္ဗီပြည်သို့ ပြေးခဲ့ကြ၏။

သူတို့ယာကြစဉ် လမ်းတွင်ရိက္ခာကုန်၍ ငတ်မွတ်ခြင်းနှိပ်စက်သဖြင့် သားငယ်ကိုချီပိုးသွားရန် မတတ်နိုင်။ လင်ဖြစ်သူက "ရှင်မ ငါတို့အသက်ရှင်လျှင် တဖန် သားကိုရလတံ့။ သားငယ်ကိုစွန့်ပစ်၍ သွားကြကုန်စို့"ဟု မယားအား တိုင်ပင်၏။ မယားက "ကျွန်ုပ်အသက်ရှင်စဉ် သားကို မစွန့်နိုင်" ဟုဆို၍ အလှည့်ဖြင့် သားကိုချီပိုး၍ သွားကြ၏။ အဖအလှည့်ရောက်သောအခါ

လမ်းတွင် မယားမသိအောင် ချုံတခုအကြား၌ သိပ်ထားခဲ့သည်။ (ပုံ ၉)




အမိ ကသိသောအခါ "သားငယ်မပါလျှင် ခရီးဆက်မသွားတော့" ဟု ဆိုသဖြင့် ချုံကြားမှကောက်ခါ ချီပိုး၍လာပြန်၏။ သားငယ်သည် လမ်းခရီးအကြား၌ သေဆုံးသွားလေ၏။

ထိုယောကျ်ားသည် သားငယ်ကိုစွန့်ပစ်ခဲ့သော အကျိုးဆက်ကြောင့် ဘဝတပါး၌ ခုနှစ်ကြိမ်တိုင်တိုင် အစွန့်ပစ်ခံခဲ့ရလေ၏။ မကောင်းမှုမည်သည်ကို အနည်းငယ်မျှသာဟု မထေမဲ့မြင်မပြုအပ်ပေ။

## စေတနာဇောနှင့် လားရာဂတိ

ထိုသို့သွားကြကုန်သော် နွားကျောင်းသား အိမ်တအိမ်သို့ ရောက်ကြ၏၊ ထိုနေ့၌ နွားကျောင်းသားအိမ်၌ နို့ညှစ်မင်္ဂလာ ဖြစ်လေ၏။

နွားကျောင်းသားအိမ်၌ အရှင်ပစ္စေကဗုဒ္ဓါ တပါးသည် မပြတ်ဆွမ်းဘုန်းပေး၏။ နွားကျောင်းသားသည် အရှင်ပစ္စေကဗုဒ္ဓါအား ဆွမ်းကပ်၍ မင်္ဂလာပြု၏။ နို့ဂဏာများစွာကို စီရင် ချက်ပြုတ်၏။



၇/၁၀

နွားကျောင်းသမားသည် ထိုလင်မယားကိုမြင်၍ "အဘယ်မှ လာသနည်း" ဟုမေးသော် (ပုံ ၁၀) အဖြစ်စုံ ပြောကြား

သဖြင့် သနားကြင်နာဘွယ် ထောပတ်များစွာဖြင့် နို့ဂဏာကို ပေး၏။ မယားသည် လင်ယောကျ်ားအား ပုံပေး၍ မိမိကမူ အနည်းငယ်သာစား၏၊ လင်ယောကျ်ားသည် ခုနစ်ရက်၊ ရှစ်ရက် ငတ်ခဲ့သဖြင့် အာဟာရ၌ မဖြတ်နိုင်ပဲများစွာစားသောက်၏။

နွားကျောင်းသမားသည် မိမိစားရန် ပြင်ဆင်စားသောက်၏။ ခရီးသွား ကောတုဟလိကသည် နွားကျောင်းသား ထမင်းစားသောက်နေသည်ကို ကြည့်နေစဉ်အင်းပျဉ်အောက်၌ အိပ်နေသောခွေးမအား နွားကျောင်းသမားက နို့ဂဏာခဲကိုကျွေး၏။



ကောတုဟလိကယောကျ်ားမြင်လျှင် ခွေးမသည် ကံကောင်းလေစွ၊ မပြတ် ဤသို့သော အစာကိုစားရပေ၏။ ဟုကြံမိလေ၏။ (ပုံ ၁၁) ညသို့ရောက်လျှင် စားသားသောအစာ မကျေနိုင်ပဲ သေလွန်လေ၏။

စောစောက အားကျမိသော စိတ်ဓာတ်၏ စွဲလန်းမှုကြောင့် ထိုခွေးမကြီးဝမ်း၌ပင် ပဋိသန္ဓေတည်နေလေ၏။

မယားဖြစ်သူသည် ရှေးသို့ခရီးမဆက်နိုင်ပဲ ထိုအိမ်မှာပင်အခစားလုပ်၍နေ၏။ အခစားပြု၍ရသော ဆန်တစလယ်ကိုချက်၍ ကောတုဘာလိကအားရည်ရွယ်၍ အရှင်ပစ္စေကဗုဒ္ဓါအားလှူ၏။ ငါကျွဲအိမ်၌နေရန်သင့်၏ အရှင်မြတ်သည် ဤအိမ်ထိုမပြတ်ကြွလာသဖြင့် လှူနိုင်သည်ဖြစ်စေ၊ မလှူနိုင်သည်ဖြစ်စေ၊ နေ့စဉ်ရှိခိုးခြင်း၊ ဝေယျာဝစ္စပြုခြင်းဖြင့် ကုသိုလ်ပွားများနိုင်လိမ့်မည်ဟု ထိုအိမ်၌ အခစားလုပ်၍နေ၏။

ခွေးမကြီးမှ တကောင်တည်း ခွေးကလေးမွေးဖွား၏၊ ခွေးကလေးသည် လိမ္မာ၏။ အရှင်ပစ္စေကဗုဒ္ဓါသည် နေ့စဉ်ထမင်းတဆုပ်ကိုပေး၏၊ အိမ်ရှင်သည် ဘောရကျောင်းရှိ အရှင်ပစ္စေကဗုဒ္ဓါထံသွားရောက်၏၊ ခွေးကလေးသည် အမြဲလိုက်သွား၏။

"အရှင်ဘုရား။ ။တည့်တော် လာရောက်မပင့်နိုင်လျှင် ခွေးကလေးကိုလွှတ်ပါရစေ"ဟု လျှောက်ထား၏။

# သဒ္ဓါစိတ်ကြောင့် နတ်သားဖြစ်ရပုံ

နောင်အခါတွင် ခွေးကလေးသည် အမြဲသွားရောက်ပင့်ရ၏။ (ပုံ-၁၂) ခွေးကလေးသည် သူ့သခင်ပြုလုပ်သမျှ မှတ်သား ထား၏။ သူ့သခင်သည် အရှင်မြတ်၏ ရှေ့မှသွားကာ ခြေသွား လမ်းဘေးရှိ ချုံနွယ်တို့ကို တုတ်ဖြင့်ရိုက်ကာ တုတ်ဖြင့်ရိုက် ကာ တောသံပေး၍ အော်ဟစ်ပြီး ချုံအတွင်း၌ ခိုအောင်းနေ တတ်သော တောကောင်မြွေကင်းများကို ချောက်လှန့်နှင်ထုတ် ၍ သွားလေ့ရှိ၏။



ခွေးကလေးသည်လည်း အရှင်မြတ်ရှေ့မှ သွားကာ အသံ ကျယ်စွာဖြင့်ဟောင်၍ တောကောင် တောကြောင် မြွေကင်း

တို့ကို ထွက်ပြေးစေရန် ချုံနွယ်တို့ကို ခုန်၍အုပ်ကာ, အုပ်ကာ အရှင်မြတ်ရှေ့မှသွားလေ့ရှိ၏။

ခွေးကလေးသည် အရှင်မြတ်ကို ချစ်ခင်၏၊ ကြည်ညို၏၊ ကာလကြာမြင့်သော် အရှင်မြတ်သည် သင်္ကန်းချုပ်ရန် ဂန္ဓမာဒန် တောင်သို့ကြွရောက်မည့်အကြောင်း အိမ်ရှင်အား ပြောကြား၏။




အိမ်ရှင်နှင့် ခွေးကလေးတို့သည် တောစပ်အထိ အရှင်မြတ်အား လိုက်၍ပို့ကြ၏။ တောစပ်အရောက်တွင် အရှင်မြတ်သည် ကောင်းကင်ခရီးဖြင့် ဂန္ဓမာဒနတောင်သို့ ကြွလေ၏။ ခွေးကလေးသည် ကောင်းကင်သို့မော့ကြည့်၍ အရှင်မြတ်ပျောက်ကွယ်လေလျှင် (ပုံ ၁၃) ကြည်ညိုလေသောစိတ်ဖြင့် လည်ကိုဆန့်၍ ရှည်လျားစွာအူယင်း ရင်ကွဲနာကျ၍ ထိုနေရာမှာပင် သေဆုံးသွားရှာ၏။

ကံကံ၏အကျိုးတရားသည် အံ့ဩဖွယ်ရှိလှ၏၊ ခွေးကလေး ဆည် လူ့နက်ကဲသောသဒ္ဓါစိတ်ဖြင့် သေဆုံးရခြင်းဖြစ်ရာ အိပ်သော ယောကျာ်း နိုးသောလားသို့ လျှပ်တပျက်ပင် တာဝတိံသာ၌ နတ်သမီးတစ်ထောင်ခြံရံသော နတ်သားဖြစ်လေ၏။ (ပုံ ၁၄)




ခွေးဘဝက အရှင်ပစ္စေကဗုဒ္ဓါအား အန္တရာယ်ကင်းစေရန် ကျယ်လောင်စွာဟောင်၍လှူဒါန်းခဲ့သောအသံကြောင့် နတ်ပြည်၌ အသံအကျယ်ဆုံးသော နတ်သာ ဖြစ်၍ "ဃောသကနတ်သား"ဟု အမည်တွင်၏။

## ပထမအကြိမ် ဝဋ်ကြွေးခံရခြင်း

ကုသိုလ်အဟုန်ကြီးမားစဉ် အကုသိုလ်ကံသည် အကျိုးပေးခွင့်မရသေး၊ ကုသိုလ်အရှိန်ကုန်လေ့လျှင် ~~အကုသိုလ်ကံ၏အကျိုး~~ ဆက်သည် ထင်ရှားလာ၏။

ဃောသကနတ်သားသည် နတ်ပြည်၌ ကာမဂုဏ်စည်းစိမ်ကို ခံစား၍ သတိလွတ်တင်းကာ အာဟာရကုန်၍ ရွေ့လျော ပျောက်ကွယ်ခဲ့ပြီးနောက် ကောသမ္ဗီပြည်ရှိ ပြည့်တန်ဆာမဝမ်း၌ ပဋိသန္ဓေတည်လေ၏။ ပြည့်တန်ဆာမတို့သည် သမီးမိန်းမ လေးကိုသာ မွေးမြူလို၏၊ သားယောကျာ်းကို အလိုမရှိကြချေ၊ သားယောကျာ်းဖြစ်သဖြင့် စကောစုတ်တွင်ထည့်၍ အမှိုက်ပုံ၌ စွန့်ပစ်လိုက်၏၊ သူငယ်ကို ကျီးများခွေးများသည် ဝိုင်းရံ၍သာ နေကုန်၏။ အရှင်ပစ္စေကဗုဒ္ဓါအား ချစ်ခင်ခြင်းကြောင့် ဟောင်ခြင်း အူခြင်း၏အကျိုးဆက်ဖြင့် ကျီး,ခွေးတကောင်တလေမျှ မကပ်ဝံ့ကုန် (ပုံ ၁၅) ထိုခဏ၌ လူတယောက်ကတွေ့ရှိပြီး ချစ်ခင်သနားသဖြင့် သားအဖြစ်ကောက်ယူ၍မွေးမြူ၏။



(ရှေးအခါက သားငယ်ကို ချုံ၌ပစ်ခဲ့သော ကံ၏အကျိုး ဆက်တည်း)

## ဒုတိယအကြိမ် ဝဋ်ကြွေးခံရခြင်း

ထိုနေ့နံနက်တွင် ကောသမ္ဗီပြည် သဌေးကြီးသည် နန်းတော်သို့အသွား ပုရောဟိတ်ပုဏ္ဏားနှင့်တွေ့၍ ယနေ့ ဂြိုဟ်သွားနက္ခတ်တို့ကိုမေး၏၊ တိုင်းပြည်အတွက် ထူးခြားမှုရှိပါ၊ သို့သော် ဤမြို့၌ ယနေ့နံနက်မွေးသော ကလေးသည် ကောသမ္ဗီပြည်၌ သဌေးကြီး ဖြစ်လိမ့်မည်ဟုပြော၏။ (ပုံ ၁၆)




သဌေးကြီးသည် လုလင်တဦးကို အိမ်သို့စေလွှတ်၍ သဌေးကတော် သားဖွားသည် မဖွားသည်ကြည့်စေ၏။ မဖွားသေးကြောင်းသိလျှင် မင်းနှင့်တွေ့ပြီး အိမ်သို့အမြန်ပြန်လာ၍ ကာဠီအမည်ရှိကျွန်မအား အသပြာတစ်ထောင်ပေး၍ ယနေ့နံနက်

မွေးသောကလေးကို စုံစမ်း၍ တွေ့လျှင် အသပြာတစ်ထောင်နှင့် ဝယ်ခဲ့ဟု စေလွှတ်၏၊ ဆာဋ္ဌိသည် စုံစမ်း၍ဝယ်ယူခဲ့၏။

သဋ္ဌေးကြီးသည် ထိုသူငယ်ကိုကျွေးမွေး၍ မိမိ၌သမီးမွေးလျှင် ထိုသူငယ်နှင့်ပေးစားမည်၊ သားမွေးပါက ထိုကလေးကို သတ်ပစ်ရမည်ဟု အတွင်းလူယုံ ကျွန်မကာဠီအား မှာကြား၍ ထလေးကိုပေးအပ်ထား၏။

မကြာမီ သဋ္ဌေးကတော်တွင် သားယောကျ်ားကလေးမွေးဖွား၏။ သဋ္ဌေးသည် ဝယ်ယူလာသောကလေးကို နံနက်စောစော နွားခြံမှနွားများထွက်ချိန်တွင် ဤသူငယ်ကို ကန့်လန့်သိပ်၍ထားခဲ့ဟု မှာလိုက်သည်၊ ကာဠီသည် ဆိုတိုင်းပြု၏။

ကလေးငယ်သည် ကျယ်လောင်သောအသံဖြင့်ငို၏။ နွားခြံဖွင့်၍လွှတ်လျှင် နွားလားဥသဘကြီးသည် ရှေ့ဆုံးမှထွက်လာ၍ ကလေးကို (ပုံ ၁၇) ခြေသေးဘက် အကြား၌ထား၍ နွားတို့သည် နွားလားဥသဘကို ကွေ့၍ထွက်သွားကြ၏။




ဤအဖြစ်ကိုမြင်သောနွား ထိန်းသည် ကလေးငယ်ကိုကောက်ယူ၍ ကျွေးမွေးပြုစု၏။

ကာဋ္ဌိက သဋ္ဌေးအား မြင်သမျှပြော၏၊ သဋ္ဌေးကြီးက ဤကလေးသေမှုဖြစ်မည်၊ အသပြာဘစ်ထောင်ဖြင့် ဝယ်ချေဟု စေလိုက်ပြန်၏။

## တတိယအကြိမ် ဝဋ်ကြွေးခံရခြင်း

ထိုကလေးမှာ အသံကျယ်လွန်းသဖြင့် ဃောသကဟုခေါ်၏ သဋ္ဌေးသည် ကာဋ္ဌိအား ယနေ့နံနက်မိုးမလင်းမီ လှည်းငါးရာ ထွက်ကြမည်၊ ကလေးကို လှည်းလမ်းတွင်ချထား။ လှည်းငါးရာ နင်း၍ စိစိညက်ညက်ကြေသည်ကိုမြင်ပြီးမှ ပြန်ခဲ့ဟုခိုင်း၏။




လှည်းငါးရာ မှောင်ထဲမှ ထွက်လာကြ၏ ရှေ့ဆုံးလှည်းမှ နွားတို့သည် ကလေးငိုသံကြား၍ ရှေ့မတိုးရဲ (ပုံ ၁၈) လှည်းသမားသည် ဆင်း၍ကြည့်၏၊ ကလေးကိုတွေ့လျှင် ချစ်ခင်သော စိတ်ဖြင့် ကောက်ယူထား လှည်းပေါ်တင်ယူသွား၏။

ကာဠီသည် သင်္ဘေးအားမြင်သမျှ ပြောပြ၏။ သင်္ဘေးသည် အသပြာတစ်ထောင်ပေး၍ သူငယ်ကို ဝယ်စေပြန်၏။

**စတုတ္ထအကြိမ် ဝဋ်ကြွေးခံရခြင်း**

သေဘာသကအား ညဉ့်အချိန် လူသေတို့ပစ်ရာ သုသာန်တွင် ပစ်ထား၍ (ပုံ ၁၉) ခွေးအာ,များစားပြီး အရိုးချည်းကျန်မှ ပြန်ခဲ့ဟု ခိုင်းသဖြင့် ကာဠီသည် ကလေးကိုသုသာန်၌ ပစ်ထားခဲ့ပြန်၏။



၇/၁၉

ခွေးအတို့သည် ဝိုင်းနေကြ၏၊ အနီးသို့ ချဉ်းကပ်ရန်ပင် မတတ်နိုင်။

ထိုသူငယ်ကိုအမိသည်း မစောင့်ရှောက်၊ အဖလည်းမစောင့်ရှောက်၊ အဘယ်သူစောင့်ရှောက်သနည်း ဟူမူကား ခွေးငယ်ဖြစ်စဉ်က အရှင်ပစ္စေကဗုဒ္ဓါ၌ ချစ်ခင်၍ဖြစ်သော ဟောင်ခြင်း၊ အူခြင်းပြုရှိမှုသောကုသိုလ်ကံက သူငယ်ကိုစောင့်ရှောက်လေ၏။

နံနက်မိုးလင်းလျှင် ဆိတ်ကျောင်းသမားသည် ဆိတ်တို့ကို လွှတ်၏၊ နို့စားဆိတ်မကြီးသည် ကလေးငယ်ကိုမြင်လျှင် သား ကဲ့သို့ချစ်ခင်ခြင်းဖြင့် ထိုသေးငယ်အပေါ်မှ ခွ၍ရပ်ပြီး ဒူးကို ထောက်ကာ ပါးစပ်တွင်းသို့ နို့များချပေး၏။

ဆိတ်ကျောင်းသားသည် ကလေးငယ်ကိုမြင်လျှင် ချစ်ခင်၏၊ ငါ့အား သားရပြီဟုကောက်ယူသွား၏၊ ကာဠီသည် သဌေးအား မြင်သမျှပြောပြ၏၊ အသပြာတစ်ထောင်ပေး၍ ဝယ်စေပြန်၏။

## ပဉ္စမအကြိမ် ဝန့်ကြွေးခံရပြန်ခြင်း

သဌေးကြီးသည် ပို၍ဒေါသပြင်းထန်လာ၏၊ ဃောသကာ အား မြို့စွန်ရှိ အမြင့်ဆုံးတောင်ချောက်ကမ်းပါးမှ ပစ်၍ချခိုင်း ပြန်၏၊ ကာဠီသည် ခိုင်းတိုင်းလုပ်ရရှာ၏။

တောင်ကမ်းပါးယံတွင် ဝါးပင်တို့သည် အဆင့်ဆင့်ပေါက် နေ၏၊ ထိုဝါးရုံကြီးတို့အပေါ်တွင် ချင်ရွေးနွယ်တို့ ဖုံးအုပ်နေ သည်၊ ဃောသကလည်း ကော်ဇောပေါ်သို့ ပစ်ချလိုက်သကဲ့သို့ တည်၏၊ လန့်၍အော်ငိုလိုက်၏။

ဝါးခုတ်ရန်လာကြသော ဝါးထရံရက်သူတို့သည် ကလေး ငိုသံကြား၍ ခက်ခက်ခဲခဲ တက်ကြည့်ကြ၏၊ ထိုကလေးကိုတွေ့ကြ လျှင် ချစ်ခင်ကြ၍ အိမ်သို့ယူသွားကြ၏။

ကာဠီသည် သဌေးကိုပြောပြ၏၊ ထရံရက်သူတို့ကိုစုံစမ်းပြီး အသပြာတစ်ထောင်ပေး၍ ပြန်ယူစေပြန်သည်။

## အကုသိုလ်ကံနှင့် ကုသိုလ်ကံ

မကောင်းစိတ်ဖြင့် ကြံစည်ပြောဆိုပြုလုပ်သူအား မကောင်းမှုကံသည် (နွား၏ခြေရာသို့ ထပ်ကြပ်လိုက်နင်းသောလှည်းဘီးကဲ့သို့)ဘဝများပင် ထပ်ကြပ်မကွာလိုက်လေသည်။

ကောင်းသောစိတ်ဖြင့် ကြံစည်ပြောဆို ပြုလုပ်သူအား ကောင်းမှုကံတို့သည် (အရိပ်သည် သွားလေရာ၌ ထပ်ကြပ်မကွာလိုက်သကဲ့သို့) ထိုသူနှင့်အတူ ထက်ကြပ်မကွာ လိုက်လေသည်။

ဃောသကသည် ရှေးဘဝက သားငယ်ကို စွန့်ပစ်ခဲ့သောအကုသိုလ်ဒဏ်ကို ဆက်တိုက်ခံနေရ၏။

သို့သော် ခွေးကလေးဘဝ၌ အရှင်ပစ္စေကဗုဒ္ဓါအား ကြည်ညိုချစ်ခင်ခဲ့သော ကုသိုလ်စိတ်ဇောသည်ဃောသကအား သဌေးကြီးမှတပါး မြင်မြင်သမျှချစ်ခင်ကြ၏။ အရှင်ပစ္စေကဗုဒ္ဓါအား တောကောင် ဘောကြောင် မြွေကင်းတို့အန္တရာယ်မှကင်းစေရန် ဆောင်ရွက်ပြုမူ လုပ်ကိုင်ခြင်းသည် အကြိမ်ကြိမ်သေကြောင်းကြံသော်လည်း မသေနိုင်ခဲ့ပေ။

## ဆင့်မအကြိမ် ဝင့်ကြွေးခံရခြင်း

သဌေးကြီးသည် ဃောသကအပေါ်၌ ဆူးညှောင့်ကဲ့သို့ ဖြစ်နေ၏။ သတ်နိုင်ရန် အမြဲကြံနေ၏။

အရွယ်တလေး အတန်ကြီးပြင်းလာခဲ့လျှင် သဌေးကြီးသည် အိုးဖုတ်သူတယောက်ထံသွား၍ “ဘယ်အခါ အိုးဖုတ်မည်နည်း”

ဟု မေး၏။ "နက်ဖြန် ဖုတ်မည်" ဟု ဆိုသဖြင့် "အသပြာ တစ်ထောင်ဖြင့် ငါ့ကိစ္စကို ဆောင်ရွက်ပါ"ဟု ဆို၏။ "မည်သို့ ဆောင်ရွက်ရမည်နည်း"ဟု မေးသော်၊ ငါ့သားတယောက်မှာ အသွန်ဆိုးသွမ်းသည်။ ထိုသားဆိုးကို ငါလွှတ်လိုက်လျှင် ပဲခွပ် ထက်ထက်ဖြင့် အပိုင်းပိုင်းခုတ်ဖြတ်လျက် အိုးဖိုတွင်း၌ မီးဖြင့် ဖုတ်လေ၊ ဤအသပြာတစ်ထောင်သည် ရေမျှသာ ရှိပေသည်" ဟု ပြော၏။ အိုးထိန်းသည်က "ကောင်းပြီ"ဟု ဝန်ခံ၏။

အိုးဖုတ်မည့်နေ့တွင် ဃောသကအား မြို့ပြင်ရှိ အိုးဖုတ်သူထံ သွားရန် လွှတ်၏။ ဃောသကသည် ဖခင်စေလွှတ်သည့်အတိုင်း သွားရာ မြို့ကံခါးဝအရောက် ညောင်ပင်အောက်တွင် ခုံညင်းဒိုး ကစားနေသော သဌေးသားအငယ်ကတွေ့၍ "အစ်ကို ကျွန်တော် ခုံညင်းရှုံးနေ၍ ကူ၍ကစားပေးပါ" ဟု ဆို၏။ "ငါ့တွင် ဖခင်ခိုင်း ထား၍ သွားရမည်"ဟု ပြောရာ "ဖခင်ခိုင်းသည်ကို ကျွန်တော် သွားပါမည်၊ နိုင်အောင်ကစားပေးပါ"ဟု ဆိုပြီး သဌေးသား အချင်းက အိုးဖိုသို့သွား၏။ အိုးထိန်းသည်သည် သဌေးမှာသည့် အတိုင်း သူငယ်ကိုခုတ်ထစ်သတ်ဖြတ်ပြီး မီးဖိုတွင်းသို့ ထည့်လိုက် တော့၏။

ဃောသကသည် နေဝင်၍ ခုံညင်းဝိုင်းသိမ်းသည့်တိုင် ညီ ပြန်မလာသဖြင့် အိမ်ပြန်ခဲ့၏။ သဌေးက တအံ့တသြ "အိုးဖိုကို မသွားဘူးလား"ဟု မေး၏၊ "ညီငယ် ခုံညင်းရှုံး၍ သူသွားပေး မည်ပြောပြီး သွားပါသည်"ဟု ပြော၏။



သဌေးသည် ရင်ပတ်ကိုတီး၍ အိုးဖိုသို့ပြေး၏၊ အိုးဖုတ်သူက (ပုံ ၂၀) "စိတ်ချပါ ကိစ္စတုံး လုပ်လိုက်ပါပြီ" ဟု ပြော၏။ သဌေးကြီးမှာ တောင်ကဲ့သို့ကြီးမားသော သောကဖြင့် ဖိကြိတ်အပ်သည်ဖြစ်၍ အတိုင်းမသိသော နှလုံးမသာယာမှုကို ခံစားရလေ၏။

(မပြစ်မှားအပ်သူကို ပြစ်မှားသူသည် ဤသို့နှလုံးမသာယာမှုကို ခံစားရတတ်ကြောင်းနှင့် ဒဏ်ဆယ်ပါးဆိုင်ရာဂါထာတို့ကို ဟောကြားတော်မူထားလေ၏။ ယင်းဂါထာများကို ဒဏ္ဍဝဂ်၌ ပါရှိပါသည်။)

# ခုနှစ်ကြိမ်မြောက် လုပ်ကြံခံရခြင်း

ဃောသကကို သဌေးသည် စေ့စေ့ပင်မကြည့်လိုတော့၊ ဘယ်သို့သတ်ရမည်နည်းဟု ကြံစည်နေ၏။

ငါပိုင်စားရာ ရွာတစ်ရွာ၌ ငါ၏ကိုယ်စားလှယ်ထံ စေလွှတ်၍ သတ်စေအံ့ဟု စဉ်းစား၍....

"ယခုလာသူသည် ငါ၏သားဆိုးဖြစ်၏။ ဤသားဆိုးကို သတ်၍ မစင်တွင်း၌ချလော့၊ ဤသို့သတ်ပြီးလျှင် ငါသည် ဦးရီးတော်အား ကျေးဇူးပြုဖွယ်ကို နောက်၌သိပါအံ့"

ဟု စာရေးသားလျက် ဃောသကအား စေလွှတ်၏။

ဃောသကကို စာပေသင်ကြားမပေးခဲ့၍ စာမဖတ်တတ်၍ မိမိအား သတ်ရန်ရေးထားသောစာကိုပင် ပုဆိုးခါးပုံစ၌ ထုပ်ချည်၏။ ထွက်ခွာခါနီးတွင် "လမ်း၌ စားသောက်စရာ ရိက္ခာမရှိပါ" ဟု ပြောသေလျှင်၊ "လမ်းခရီးအကြား ဤမည်သောရွာ၌ ငါ၏မိတ်ဆွေ သဌေးတဦးရှိသည်၊ ထိုသဌေးအိမ်၌ နံနက်စာစား၍ ရှေ့သို့ခရီးဆက်သွားလေ လော့ဟု မှာကြား၏။ ဃောသကသည် ဖခင်ကိုရှိခိုး၍ ထွက်ခွာသွား၏။

## ရှေးရေစက်ကံ ဖန်လာပြန်

လမ်းခရီးအကြားရှိ သဌေးအိမ်သို့ရောက်၏။ သဌေးကတော်ကိုတွေ့ရလေ၏၊ သဌေးကတော်က မေးသော် ကောသမ္ဘီသဌေးသား ဃောသကဖြစ်ကြောင်း သိရသော် သားအရင်းကဲ့သို့ ချစ်ခြင်းဖြစ်၏။

ဤသဌေး၌ တဆယ့်ငါးနှစ် တဆယ့်ခြောက်နှစ် အရွယ်အလွန်လှပချောမွေ့သော သမီးပျိုတယောက်ရှိ၏။ တယောက်

တည်းသော ခိုင်းစေစရာ ကျွန်မကိုပေးထားပြီး ဘုံခုနှစ်ဆင့် ပြာသာဒ်အထက်ဆုံးအထပ်၌ နေစေ၏။

သဌေးသမီးသည် ထိုခဏ၌ အခိုင်းအစေကျွန်မကို ဈေးသို့ လွှတ်၏။ သဌေးကတော်က ကျွန်မကိုမြင်၍မေးလျှင် "အရှင့် သမီးခိုင်း၍ ဈေးသို့သွားပါမည်"ဟု ပြော၏။

"သမီးခိုင်းတာ ထားပါဦး၊ ဒီမှာအရင်လာပြီး ငါ့သား အတွက် အင်းပျဉ်ကိုခင်း၍ ခြေဆေးပေးပြီး ခြေနယ်ဆီလိမ်း၍ အိပ်ရာကို ခင်းခဲ့ပါဦး" ဟု ပြော၏။ ကျွန်မလည်း ခိုင်းသည့် အတိုင်း လုပ်ပေးရ၏။

ဈေးမှအပြန် ကြာလွန်း၍ သဌေးသမီးက ကျွန်မကိုဆူ၏။ ကျွန်မက ဘောသမ္မီသဌေးသား ဃောသကအတွက် လုပ်ပေး နေရ၍ ကြာပါသည်ဟု ပြော၏။

သဌေးသမီးသည်(ဃောသက)ဟူသောအမည်ကိုကြားလိုက် သည်နှင့် နှလုံးပီတိ ရွှင်ခြင်းဆီထိအောင်ခိုက်လေ၏။ မှန်၏။ ။ကောတုဟလိကဘဝက ဇနီးဟောင်းသည် နွား ကျောင်းသမားအိမ်၌ အရှင်ပစ္စေကဗုဒ္ဓါအား ဆွမ်းလှူခဲ့သော ကောင်းမှုကြောင့် သဌေးသမီးဖြစ်ခဲ့ပြီး ရှေး ရေစက် ကြောင့် အမည်ကိုကြားရုံနှင့် ချစ်ခင်ခြင်းဖြစ်၏။

ထို့ကြောင့်ပင် ကြာဖူးကြာပဒုမ္မာနှင့် ရေတို့ကဲ့သို့ ရှေးဘဝတ ချစ်ချစ်ခင်ခင် နေခဲ့ဖူးခြင်း၊ ယခုဘဝ၌ အကျိုးဆောင်ခြင်းတို့ကြောင့် ဤသို့ ချစ်ခင်ခြင်းဖြစ်ရ သည်ဟု မြတ်စွာဘုရား ဟောတော်မူလေသည်။

# သဌေးသမီး၏ဥာဏ်

“ယောသကဒါဘယ်မှာနည်း” ဟု မေးသော် “အိမ်ရာထက်၌ အိပ်ပျော်နေသည်” ဟု ဖြေ၏။ “သူ့တွင်ဘာပါသနည်း” ဟု မေး၏၊ “ပုဆိုးစွန်း၌ စာတစောင်ပါသည်” ဟု ပြော၍သိရလေလျှင် မိဘများမမြင်စေဉ် ပြာသာဒ်ထက်မှ ဆင်း၍ ယောသက အနီးသွားကာ စာကိုဖြေယူပြီး မိမိတိုက်ခန်းတွင်းသို့ဝင်၍ စာကိုဖတ်လေ၏။ (ပုံ ၂၁)



၇/၂၁

"အော် မိုက်လှချည့်။ ကိုယ့်ကိုသတ်ရန်စာကိုပင် ခါးပုံစမှာ ချည်၍ လာခဲ့သည့်၊ ငါသာ သူ့ကို မတွေ့ရလျှင် သူ့အသက် ရှိတော့မည်မဟုတ်"ဟု စာကို ဆုတ်ဖြဲပြီး သဌေးစကားအတိုင်း စာတစောင်ကိုရေး၏။

## ၁၁၄၇

"ဤသူသည်ငါ၏သားဃောသကဖြစ်၏၊ရွာပေါင်းတစ်ရာမှ ပဏ္ဏာကိုယူ၍ ဇနပုဒ်ရွာသဌေးသမီးနှင့် ထိမ်းမြားမင်္ဂလာပြုပြီး ရွာလယ်တွင်ဘုံနှစ်ဆင့်အိမ်ကိုဆောက်လျက် တံတိုင်းအကာအရံ ယောကျ်ားအစောင့်အရှောက်တို့ဖြင့် ပြုစုလိုက်ပါလေ၊ ငါ့အား လည်း သတင်းပို့သေ၊ ဤသို့ပြုပေး၍ငါသည် ဦးရီးတော်အား ကျေးဇူးပြုဖွယ်ကို နောက်၌သိပါအံ့"ဟုရေးသားပြီးဃောသက မနိုးမီ ပုဆိုးစွန်မူလအတိုင်း ချည်နှောင်၍ထားခဲ့၏။

ဃောသကသည် အိပ်ရာမှထလျှက် စားသောက်ပြီးနောက် ထွက်ခွာ၍သွားလေ၏။

နောက်တနေ့နံနက် ရွာသို့ရောက်၍ သဌေးကြီး ကိုယ်စား လှယ်အား စာကိုပြ၏၊ စာကိုဖတ်ပြီးလျှင် ကိုယ်စားလှယ်ကြီး သည် ဝမ်းမြောက်ဝမ်းသာ "အချင်းတို့ ကြည့်ကြလော့၊ ငါ့ သခင်သဌေးကြီးသည် ငါ့အပေါ်၌ ချစ်ခင်ယုံကြည်၍ သားကြီး ကို ထိမ်းမြားမင်္ဂလာပြုပေးရန် ငါ့ထံစေလွှတ်၏"ဟု ချက်ချင်း ပင် သူကြွယ်တို့ကိုပြော၍ ရွာလည်၌ အိမ်ကြီးကို ဆောက်၏။ ရွာပေါင်းတစ်ရာမှ လက်ဆောင်တို့ကိုယူပြီး ဇနပုဒ်သဌေးထံမှ သမီးကိုဆောင်ယူစာ ထိမ်းမြားမင်္ဂလာပြုပေးလိုက်၏။

## ပညာရှိသော မိန်းကလေး

သဌေးကြီးထံ သတင်းစကားရောက်လာသော်“ငါကြံသလို မဖြစ်”ဟု ပြင်းပြသော နှလုံးမသာယာခြင်းဖြစ်လေ၏။ သေဆုံးသောသားအတွက် သောကနှင့် နှလုံးမသာယာခြင်းတို့ရောနှော ကာ ဝမ်းတွင်းခွဲပူလောင်၍ ဝမ်းပျက်ရောဂါဖြစ်လာလေ၏။

သဌေးသမီးသည် အိမ်ရှိလူအပေါင်းတို့ကို “သဌေးကြီးထံမှ တစုံတယောက်လာလျှင်ငါမသိပဲ သဌေးသားကိုမပြောကြနှင့်” ဟု အမိန့်ပေးထား၏။

သဌေးကြီးသည် ဤသားဆိုးသားယုတ်ကို အမွေအနှစ်မရ စေအံ့ဟု ကိုယ်စားလှယ် တယောက်ကိုခေါ်၍ လူတယောက် စေလွှတ်ပြီး သားကိုခေါ်စေ၏၊ သဌေးသမီးသည် သဌေးကြီး ထံမှလူလွှတ်ကြောင်းကြားလျှင် ခေါ်စေ၍ သတင်းစကားမေး ၏၊ သဌေးကြီးမကျန်းမမာ ဖြစ်နေကြောင်းနှင့် သားကိုမြင်ရန် အခေါ်လွှတ်ကြောင်း သိရလျှင်-

“အမောင်၊ သဌေးကြီး အားနည်းနေသလော၊ အာဟာရ ကိုစားနိုင်ပါသေး၏လော” ဟုမေး၏၊ စားနိုင်ကြောင်းအားရှိ သေးကြောင်းသိရပြန်သောအခါ သဌေးသားကိုမသိစေပဲ ထိုသူ အား နေရာနှင့်ရိက္ခာကိုပေး၍“ယခုဆိုင်းပါဦး၊ ကျွန်ုပ်စေလွှတ် မှသွားပါ”ဟု ဆိုင်းငံ့ထား၏။

သဌေးကြီးက ကိုယ်စားလှယ်ကြီးအား သားထံလူမလွှတ် သလောဟုမေး၏၊ လွှတ်ပါသည် ပြန်မလာသေးပါဟု ဆိုသော် နောက်တယောက်လွှတ်စေပြန်၏၊ သဌေးသမီးသည် လာသူကို ရှေးနည်းအတိုင်းဆိုင်းငံ့ထား၏။

သဌေးကြီး၏ရောဂါသည် တိုးတက်ဆိုးဝါးလာ၏၊ အစာ ကိုပစ်ကာ အားအင်ကုန်ခန်းနွမ်းပါးလာ၏။

သဌေးကြီးသည်ကိုယ်စားလှယ်ကြီးအား တတိယတယောက် လွှတ်စေပြန်၏၊ ထိုတတိယလူရောက်လာလျှင် သဌေးသမီးက သဌေးကြီး၏ အခြေအနေကို မေးပြန်၏၊ “အရှင်မ၊ ရောဂါ သည်းနေပါပြီ အစာကိုပစ်၍ အညစ်အကျေး တခွက်ထုတ် တခွက်သွင်းဖြစ်နေပါပြီ၊ ကွယ်လွန်လာနီးနေပါပြီ”ဟုပြော၏။

သဌေးသမီးသည် သွားရန် အချိန်သင့်ပြီဟု စိတ်ကူးပြီး သဌေးသားအား သဌေးကြီး မမာမကျန်း ဖြစ်နေကြောင်း အသိပေးလိုက်၏၊ ယောသကသည့်စိုးရိမ်၏၊ နေမကောင်းရှိသာ ပါဟု သဌေးသမီးထပြော၍ ရွာပေါင်းတစ်ရာမှ ထွက်သော လက်ဆောင်ပဏ္ဏာတို့ကို ဘောင်းယူလျက် လှည်းတို့ဖြင့်တင် ဆောင်ထွက်သွားကြ၏။

လမ်းတွင်သဌေးသမီးက“အရှင်။ ။ဖခင်သဌေးကြီး၊ အား နည်း၍ ရောဂါသည်းနေ၏၊ ဤမျှများပြားသော လက်ဆောင် များကို ယူ၍သွားနေလျှင် ခရီးကြန့်ကြာလိမ့်မည်” ဟုပြော၍ လက်ဆောင်တို့ကို မိမိအိမ်သို့ပြန်ပို့စေ၏။

သဌေးသမီးက“အရှင်။ ။အိမ်သို့ရောက်လျှင် အရှင်သည် ဖခင်သဌေးကြီး၏ ခြေရင်း၌ထိုင်ပါ၊ ကျွန်ုပ်သည် ခေါင်းရင်း၌ ထိုင်ပါမည်” ဟု ပြော၏၊ အိမ်အဝင်ဝတွင်အိမ်ရှေ့အိမ်နောက် တို့မှမိမိလူများကို ချထားစောင့်ရှောက်စေ၏။

သဌေးကြီးသည် ပက်လက်အိပ်နေ၏၊ သဌေးကြီးကိုယ်စား လှယ်သည် ခြေရင်း၌ထိုင်စော ကိုယ်လက်ဆုပ်နယ်ယင်း “အရှင့်

သား၊ ရောက်လာပါပြီ”ဟု ပြော၏။ သဌေးကြီးသည် ဃောသက ကိုမြင်၍ မိမိစာရင်းကိုင်ကိုခေါ်ပြီး (ပုံ ၂၂) မိမိပိုင်ပစ္စည်းကိုမေး၏။




စာရင်းကိုင်က ဥစ္စာချည်းသက်သက် ကုဋေလေးဆယ်ရှိပါသည်၊ တောရွာ လယ်ယာ ခြေနှစ်ချောင်း၊ ခြေလေးချောင်း သတ္တဝါ ယာဉ်လှည်းတို့ ဤရွေ့ဤမျှရှိပါသည်ဟုဆိုသော် သဌေးကြီးက “ဤဥစ္စာအားလုံးကို ငါ့သားဃောသကအား ငါမပေး” ဟုဆိုချင်လျက် “ငါပေး၏”ဟု ပြောမိလေသည်။

သရေ့ႏသမီးသည် ဖခင်သရေ့ႏကြီးကေားပြင်၍ ပြောတော့မည်ကိုသိသဖြင့် စိုးရိမ်ပူ န် သောကကြီးစွာ ရောက်ဟန်ဖြင့် သရေ့ႏကြီး နောက်ထပ်စကားမပြောနိုင်အောင် ဆံပင်ကိုဖြန့်ကြဲ သရေ့ႏကြီးရင်ခွင်၌ပစ်လှဲပြီး ဦးခေါင်းဖြင့်ပွတ်၍ ပွတ်၍ငိုကြွေး စဉ်ပင် သရေ့ႏကြီးကွယ်လွန်လေ၏။

သရေ့ႏကြီးကွယ်လွန်ကြောင်းဥတေနမင်းကြီးအားလျှောက်ထားကြ၏၊ ဈာပနကိစ္စကိုပြုစေ၏။

## သဌေးဘွဲ့ ပေးအပ်ခံရခြင်း

သရေ့ႏကြီး သေဆုံးကြောင်းနှင့် ပစ္စည်းဥစ္စာ အရပ်ရပ်ကို သားဖြစ်သူ ဃောသကအား သေဆုံးခါနီးတွင် အပ်ထားကြောင်း ဥတေနမင်းအား လျှောက်ထား၏၊ ဃောသကအား နန်းတွင်းသို့ဝင်ရန် ဆင့်ခေါ်၏။

ဃောသကလည်း နန်းတော်သို့ အလာလမ်းတွင် ရေအိုင်ငယ်တခုကိုတွေ့၍ ခုန်ကျော်၍သွား၏။ ဥတေနမင်းသည် လေသာပြတင်းမှ ကြည့်နေ၏၊ ညီလှာခံ၌ ဥတေနမင်းက ဃောသကအား "သရေ့ႏရာထူးကို ငါပေးအံ့" ဟု နှစ်သိမ့်ရှိသာ နှစ်သိမ့်လိုက်၏။

ဃောသကသည် အပြန်တွင် လာစဉ်က ခုန်လွှားခဲ့သောရေအိုင်ငယ်သို့ ရောက်လျှင် အသာအယာဆင်း၍ ဖြတ်ကူးသွား၏။ ဥတေနမင်းသည် လေသာပြတင်းမှ လှမ်း၍မြင်သဖြင့် ဃောသကအား ပြန်၍ခေါ်စေ၏၊ ရောက်လျှင် မင်းကြီးက "သင်သည် လာစဉ်က ရေအိုင်ငယ်ကိုခုန်လွှား၍ လာခဲ့၏၊ အပြန်တွင် ရေအိုင်ငယ်သို့ဆင်း၍ ဖြည်းဖြည်းသွားခဲ့၏၊ အဘယ့်ကြောင့် ရေအိုင်ငယ်ကို မခုန်သနည်း" ဟု မေး၏။ ဃောသကက

"အရှင်မင်းကြီး။ ။လှော်စဉ်ကသာမန်ဃောသကလူငယ်အဖြစ်နှင့်လာခဲ့ရ၍ ရေအိုင်ကို ခုန်လာခြင်းသည် သင့်လျော်ပါ၏၊ အရှင်မင်းမြတ်က ရာထူးဌာနန္တရ ပေးသနားတော်မူမည်ဟု မိန့်ကြားတော်မူသဖြင့် အပြန်၌ ခုန်လွှားခြင်းငှာ မသင့်လျော်သောကြောင့်ဖြစ်ပါသည်" ဟု လျှောက်ထားလေလျှင် မင်းကြီးက ဤသူသည် တည်ကြည်၏ဟု သဌေးကြီးသုံးဆောင်ခံစားခဲ့သမျှသော စည်းစိမ်ချမ်းသာနှင့်တကွ သဌေးရာထူးကိုပေးလိုက်၏။

## မယ်ကာဋ္ဌိက သက်သေခံခြင်း

ဃောသကသည်အခြွေအရံနှင့်တကွ ကောသမ္ဗီသဌေး ပိုင်ဆိုင်ခဲ့သော လယ်မြေများကို မြင်းရထားဖြင့် လှည့်လည်ကြည့်ရှုရန်



သဌေးသမီးသည် အဖွားအို ကာဋ္ဌိနှင့် စကားစပ်ကြယင်းက ဆဌေးသမီးက "မိခင်ကာဋ္ဌိ သဌေးကလေး ဤစည်းစိမ်ကိုရ ခြင်းသည် ကျွန်မကြောင့်သာ ရရပါသည်"ဟု ပြောရာ ကာဋ္ဌိ က မေး၍ သဌေးကတော်ကလေးက ဃောသကသည် မိမိကို သတ်မည့်စာမိမိ ကိုယ်တိုင်ယူလာခဲ့သည်ကို ဖတ်ရသည်မှအစ အဖြစ်အပျက်အလုံးစုံကိုအကုန်ပြန်ပြော၏ ထိုအခါအမေကာဋ္ဌိ က "ချစ်သမီးသင်သည် ဤမျှလောက်သာ သိသေး၏" ဟု ကလေးငယ်ဘဝ ကောက်ယူမွေးရာမှအစ ငွေအသပြာထောင် ပေါင်းများစွာ အကုန်ခံ၍ သတ်ရန်ကြံခဲ့ပုံ၊ သားအရင်းပင် သေဆုံးရပုံကိုပါ ပြောပြလေ၏။

သဌေးကလေး ရောက်လာသောအခါ သဌေးကတော်လေး သည် ပြုံးရယ်၍ကြည့်နေ၏။ ဃောသက, က "ဘာကိုမြင်၍ပြုံး သနည်း" ဟု မေး၏၊ သဌေးကတော်လေးက မပြောပဲနေ၏၊ ကဌေးကလေးသည် စိတ်ဆိုး၍ သံလျက်နှင့်ပိုင်းမည်ဟု ခြိမ်း ခြောက်၏၊ "အရှင့်အားသတ်ရန် သေစာရေးပေး၍ လွှတ် လိုက်သည်" ဟု အစချီလျက်အလုံးစုံကိုပြောပြ၏။

ဃောသကမယုံ အမေကာဋ္ဌိကို မေးကြည့်ဦးမည်ဟု မေး ကြည့်၏၊ အမေကာဋ္ဌိက ထိုမျှသာမကသေးပါ၊ ငယ်စဉ်မှစ၍ ခုနစ်နေရာတို့၌ သေဘေးမှ လွတ်ခဲ့ကြောင်းကို အကြောင်းစုံ ပြောပြ၏။

ဃောသကသည် တုံလှုပ်၏၊ ဤသို့ သေဘေးမှအကြိမ်ကြိမ် လွတ်ချသောငါ့အား မေ့မေ့လျော့လျော့ အသက်ရှင်နေရန် မသင့်ပေဟု ကြံစည်လျက် နေ့စဉ် အသပြာ တစ်ထောင်ကို စွန့် လျက် ခရီးသွားခိုကိုးရာမဲ့ စာသည်တို့အား ထမင်းပေးမဏ္ဍပ်ကြီး ဆောက်လျက် နေ့စဉ်အလှူပေး၏။

# သာမာဝတီ ဝတ္ထု

## သာမာဝတီသင်္ဌေးသမီး၏ ဒုက္ခအဖုံဖုံ

ဃောသကသင်္ဌေး၏ အလှူမဏ္ဍပ်ကြီးကို မိတ္တအမည်ရှိသော သူကြွယ်အား တာဝန်ပေးထား၏။

ဘဒ္ဒဝတီပြည်မှ ဘဒ္ဒဝတီသင်္ဌေးသည် ဃောသကသင်္ဌေး၏ ဂုဏ်သတင်းကို ကုန်သည်တို့ထံမှ ကြား၍ ကြည်ညို ချစ်ခင်လှသဖြင့် လက်ဆောင်ပဏ္ဏာများပို့၏၊ ဃောသကသင်္ဌေးကလည်း ပြန်လည်ပေးပို့၏၊ ဤသို့ဖြင့် နှစ်ပေါင်းများစွာ အပြန်အလှန် ကုန်သည်တို့ထံမှ တဆင့်ဆက်သွယ်၍ မိမိတို့တိုင်းပြည်ရှိအထွတ်အမြတ် စားဖွယ်သောက်ဖွယ်ပစ္စည်းများကို ပို့ပေးခြင်း၊ လူချင်းပင် မမြင်ဘူးကြပဲ မိတ်ရင်းဆွေရင်းအဖြစ် လေးစားချစ်ခင်လျက်ရှိ၏။

တနေ့တွင် ဘဒ္ဒဝတီသင်္ဌေးအိမ်တွင် (အဟိဝါတ) ကပ်ရောဂါကြီးကျရောက်သဖြင့် တအိမ်လုံး သေဆုံးကြ၏။ ဘဒ္ဒဝတီ

သဌေး၊ သဌေးကတော်နှင့် သဌေးသမီးကလေး သာမာတို့သုံး ယောက်သားလက်တွဲ၍ ကောသမ္ဗီပြည်သို့ ရှေ့ရှု ထွက်ပြေး လာကြ၏။ (ပုံ ၂၅)




## သမီးလိမ္မာမယ်သာမာ

ကောသမ္ဗီပြည် မြို့တံခါးသို့ရောက်လျှင် ရေမိုးပြည့်စုံရာ၌ ရေမိုးချိုးပြီးလျှင် မြို့တံခါးအနီးစရပ်၌ နားနေကြ၏။

ဘဒ္ဒဝတီသဌေးက ဤအသွင်အပြင်နှင့်သွားလျှင် မွေးဖွား သောအမိသည်ပင်လျှင် နှစ်လိုမည်မဟုတ်၊ တရက်နှစ်ရက်ကြာ

နားနေပြီး ကိုယ်လက်သက်သာ ကြည်လင်မှ မိတ်ဆွေ သောသကသဋ္ဌေးကို တွေ့ဆုံပေးအံ့ဟု တိုင်ပင်၍ သောသကသဋ္ဌေး၏အလှူသို့ ထမင်းယူရန် သမီးကိုစေလွှတ်၏။ သာမာသည် ခွက်ကိုဆွဲ၍ အလှူမဏ္ဍပ်သို့သွား၏။ (ပုံ ၂၆)



"သုံးယောက်စာပေးပါရှင်"

သာယာ ကြည်လင် ရွှန်းပသော ရုပ်ရေရူပကာကို မိတ္တသူကြွယ်သည် သတိပြုလိုက်၏။

## မိခင်ဖခင်တို့ သေဆုံးရခြင်း

သာမာသည် သုံးယောက်စာထမင်းကို ဖခင်အား ဦးစွာ ကျွေး၏။ ဘဒ္ဒဝတီသဌေးသည် ရက်ပေါင်းများစွာ အစာမစား ရသောကြောင့် အားပါးတရစားလိုက်ရာ အရုဏ်တက်ချိန်တွင် အစာမကြေညက်နိုင်သောကြောင့် သေရှာဆုံးရ၏။ (ပုံ ၂၇)



သာမာသည်ငိုယိုလျက် နံနက်စာထမင်းအတွက် အလှူဇရပ်သို့ သွား၍ နှစ်ယောက်စာထမင်းကို တောင်းခံ၍ယူလာ၏။

ဒုတိယညဉ့်တွင် မိခင်သဌေးကတော်ကြီးသည် အစာမကြေနိုင်ပဲ သေဆုံးရပြန်၏။

## မိတ္တသူကြွယ်က မေးစားခြင်း

သာမာတဦးတည်း ငိုကြွေးမည်ဘမ်းလျက် ဆင်းရဲပင်ပန်းမှုထက် ဆာသောင်မှု ဆင်းရဲကြောင့် အလှူမဏ္ဍပ်သို့ သွား၍ တယောက်စာဘောင်းခံပြန်၏။

မိတ္တသူကြွယ်သည် သုံးရက်တိုင် ထမင်းယူသည်ကို မှတ်မိ၍ သာမာအား သင်ဖယ်လေ၊ သင်သည် ပထမနေ့က သုံးယောက်စာ၊ မနေ့ကနှစ်ယောက်စာ၊ ယနေ့ တယောက်စာ အဘယ်ကြောင့်တောင်းခံသနည်းဟု မြည်တွန်ကြိမ်းမောင်း၏၊ သာမာသည် ငိုရှိုက်ယင်းမှ ဘဒ္ဒဝတီပြည်မှ ပြေးလာရပုံနှင့် မိခင်ဖခင်တို့ တရက်ပြီးတရက် သေဆုံးရပုံကို ပြောပြ၏။

မိတ္တသူကြွယ်သည် မျက်ရည်မဆည်နိုင်ပဲ သနားသွား၏။ "ချစ်သမီး၊ မစိုးရိမ်လင့် ဘဒ္ဒဝတီသဌေး၏သမီးသည် ငါ့သမီးသာဖြစ်တော့၏"ဟု သာမာအား မိမိအိမ်သို့ခေါ်ယူ၍ သမီးကြီးအရာ၌ထား၏။

ရက်အတန်ငယ်ကြာလျှင် သာမာက ဖခင်သူကြွယ်အား အလှူခံသာသူတို့ ဆူညံတိုးဝှေ့ ပင်ပန်းခြင်းမဖြစ်ရအောင် စီစဉ်သင့်ကြောင်းအကြံပေး၏၊ ဖခင်သူကြွယ်က အဘယ်သို့စီစဉ်ရမည်နည်းဟုမေး၏။ တယောက်စီ ဝင်သာရုံဝင်ပေါက် ထွက်ပေါက်ထား၍တဦးစီ (တန်းစီ၍) ဝင်စေလျှင် မသင့်ပါလောဟု အကြံပေး၏၊ မိတ္တသူကြွယ်သည် သမီးအကြံအတိုင်း ပြုလုပ်၏၊ သာမာ၏အကြံသည် ကောင်းလှ၏။

သဋ္ဌေးသမီး၏အမည်သည် ရှေးကသာမာခေါ်၏။ (ဝတီ) မည်သော စောင်ရန်းအကာကို ပြုတတ်သောကြောင့်(သာမာ ဝတီ)ဟု အမည်ဖြစ်လေ၏။

## ဃောသကသဋ္ဌေးသမီးဖြစ်လာရပုံ

အလှူမဏ္ဍပ်မှ အသံတိတ်ဆိတ်နေ၏၊ အုတ်အုတ်ကျက်ကျက် အသံပျောက်၍နေ၏၊ ဃောသကသဋ္ဌေးသည် အုတ်အုတ်ကျက် ကျက်အသံကိုနားထောင်၍ ငါ့အလှူမဏ္ဍပ်ကအသံဟု နှစ်သက် ဝမ်းမြောက်လေ့ရှိ၏၊ နှစ်ရက်သုံးရက် ထိုအသံမကြားရသော် မိတ္တသူကြွယ်အား ခေါ်၍မေး၏။

"ဘာ့ကြောင့်အလှူမဏ္ဍပ်ကိုရပ်ထားရသလဲ"

"နေ့စဉ်လှူနေဆဲပါသဋ္ဌေးကြီး"

"ဘာ့ကြောင့် နှစ်ရက်သုံးရက် အသံမကြားရသလဲ"

"တိတ်တိတ်ဆိတ်ဆိတ် ယူကြသောနည်းကို ပြုလုပ်၍ဖြစ် ပါသည်"

"ရှေးကဘာ့ကြောင့်မလုပ်သလဲ"

"ရှေးကမသိ၍ပါ"

"ယခုတော့ဘယ်လိုသိသလဲ"

"သမီး အကြံပေးလို့ပါ"

"သူကြွယ်မှာ သမီးရှိတာမသိပါလား"

"မှန်ပါတယ်"ဟု အစချီကာ ဘဒ္ဒဝတီ သဋ္ဌေးလင်မယား သေဆုံးပုံ၊ သမီးကလေးသာမာဝတီ တကောင်ကြွက်ကျန်ခဲ့၍ မွေးစားပုံတို့ကို ပြောပြရာ....

"အလို ဘဒ္ဒဝတီသဌေးဆိုယင် ကျုပ်ဆီလာဘာဖြစ်ရမှာပဲ၊ ကျုပ်မိတ်ဆွေရဲ့သမီးကို ကျုပ်စောင့်ရှောက်ရမည်၊ ကျုပ်ကို ပေးပါ"

ဟု သာမာဝတီကိုတောင်းယူ၍ အခြွေအရံ ငါးရာနှင့်တကွ သမီးကြီးအရာကို ချီးမြှောက်လေ၏။

## ဥတေနမင်းက မိဖုရားမြှောက်ခြင်း

သာမာဝတီသည် အလွန်အဆင်းလှ၏၊ ဝင်းဝါ၍ အသား အရေသည် ရွှေအဆင်းကဲ့သို့တည်၏။

တနေ့တွင် အခြွေအရံငါးရာဖြင့် မြစ်ဆိပ်သို့ရေချိုးဆင်းရာ ခြသော့ခံပြတင်းမှရပ်နေသော ဥတေနမင်းကြီးမြင်လျှင် ဃောသကသဌေး၏ သမီးဖြစ်ကြောင်း သိရ၍ သမီးကိုဆက်သရန် အမိန့်စာချွန်ဖြင့် စေလွှတ်၏။ သဌေးက သမီး၏သဘောကိုမသိ ရသေး၍ ဆိုင်းငံ့ပါရန် ပြောသည်ကို ဥတေနမင်း စိတ်ဆိုးကာ သဌေးနှင့်တကွ အိမ်ရှိလူအားလုံး ခြံဝင်းမှထွက်စေပြီး အိမ်နှင့် တကွ ခြံကိုပါ မင်းတံဆိပ်ခတ်နှိပ်သိမ်းယူလေ၏။

ရေချိုးမှပြန်လာသော သာမာဝတီသည် မိခင်ဖခင်တို့ပါ နေပူလမ်းမတွင် ရပ်နေသည်ကိုမြင်၍ အကြောင်းကိုမေးမြန်း ရာမှ သိလေလျှင် ဖခင်အားမင်းအမိန့်ကိုမဆန့်ကျင်သင့်ကြောင်း မိခင်ဖခင်တို့အားပြောပြ၍ ဥတေနမင်းထံ အခြံအရံနှင့်တကွ လာရောက် ခေါ်ဆောင်လျှင် ပို့ဆက်မည် ဖြစ်ကြောင်းဖြင့် အကြောင်းကြားစေ၏၊ ဥတေနမင်းသည် အခြံအရံများနှင့် တကွ ခမ်းနားကြီးကျယ်စွာ သာမာဝတီအား ဆောင်ယူကာ ကြီးစွာသောပြာသာဒ်နှင့်ထားရှိပြီး အဂ္ဂမဟေသီ မိဖုရားကြီး အရာ၌ထားလေ၏။


ဥတေနမင်းနှင့်
စဏ္ဍပဇ္ဇောတမင်း
၇/၂၀

# ဥဇ္ဇေနီပြည် စဏ္ဍပဇ္ဇောတမင်း

ဥဇ္ဇေနီပြည် စဏ္ဍပဇ္ဇောတမင်းသည် ဆင်မြင်းဗိုလ်ပါ အင်အားကြီးမားလှ၏။ ဤလောကတွင် ငါ့ထက်အင်အားသာသော မင်းများရှိလေသလောဟု စုံစမ်းရာ ကောသမ္ဗီပြည်မှ ဥတေနမင်းက သာလွန်ကြောင်းလျှောက်ထားကြလျှင် ဥတေနမင်းကို စစ်ခင်း၍ဖမ်းမည်ဟုဆို၏။

ဥတေနမင်းကို ဖမ်းယူ၍ရမည်မဟုတ်ပါ၊ ဥတေနမင်းတွင် ဆင်တို့ကို ပြေးစေ လာစေနိုင်သော ဟတ္ထိကန္တမန္တရားနှင့် စောင်းအတတ်ကို တတ်ပါသည်ဟု တင်လျှောက်ကြသည်။

စဏ္ဍပဇ္ဇောတမင်းသည် ဆင်အစစ်နှင့် ခွဲ၍မရအောင်တူသော သစ်သားဆင်ရုပ်ကိုပြုလုပ်စေပြီး လှုပ်ရှားပြေးသွားနိုင်သည့် စက်ယန္တရားတို့ကိုတပ်ဆင်၏။

ဆင်ရုပ်၏ကိုယ်အတွင်း၌ လက်နက်နှင့်တကွ လူ ၆၀ တို့နေစေပြီးလျှင် ကောသမ္ဗီပြည်အနီး ရေအိုင်တခုအနီးတွင် ဆင်ရုပ်ကြီးကိုလှုပ်ရှားစေ၏။

ရက်အနည်းငယ်ကြာသော်ကောသမ္ဗီပြည်မှ မုဆိုးတယောက်သည် ဆင်ကြီးတကောင် လှုပ်ရှားသွားလာနေသည်ကို လှမ်းကြည့်တွေ့မြင်၍ တအံ့တသြပင် ဥတေနမင်းကိုလျှောက်ထား၏။

ဥတေနမင်းသည် ဆင်ဖမ်းထွက်မည်ဟု စစ်သည်ဗိုလ်ပါများနှင့် ထွက်၍လာ၏၊ သစ်သားဆင်ရုပ်ကြီးသည် သတ်မှတ်သောလမ်းအတိုင်း ရှေ့မှလျင်မြန်စွာပြေး၏၊ ဥတေနမင်းသည် မန္တန်ကိုရွတ်ဆို စောင်းကိုတီး၍ ဆင်ကြီးကိုခေါ်၏။

သစ်သားဆင်ကြီးကို ဥတေန၏ စောင်းသံနှင့်မန္တန်တို့က အစွမ်းမပြနိုင်ပေ။

ဥတေနသည် ရှေ့မှတအားပြေးနေသော စက်ဆင်ရုပ်ကြီးကို အမိလိုက်၍မရလျှင် မြင်းကိုစီးပြန်၏၊ စစ်သည်ဗိုလ်ပါတို့နှင့် ကွဲသွားတော့၏။

စဏ္ဍပဇ္ဇောတမင်း၏ စစ်သည်တို့သည် စစ်ကျွံ၍လာသော ဥတေနမင်းအား ဝိုင်းဝန်းဖမ်းဆီး၍ မင်းထံ ဆက်သကြ၏။

(မှတ်ချက်။ ။ရှေးနှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်က လူသားတို့သည် သစ်သားဆင်ရုပ်ကြီးကို ဆင်အစစ်နှင့် ခွဲခြားမရအောင်ပြုလုပ်နိုင်ခြင်း၊ ဆင်အစစ်ကဲ့သို့ သွားလာနိုင်အောင် စက်ယန္တယား တပ်ဆင်ခဲ့ခြင်း၊ ထိုစက်ဆင်ရုပ်သည် အတွင်း၌ လူ ၆၀ လက်နက်နှင့်တကွနေနိုင်ခြင်း၊ လျှင်မြန်စွာပြေးနိုင်ခြင်း စသည်ပြုလုပ်နိုင်ခြင်းကိုတွေ့ရသဖြင့် စက်မှုလက်မှုအတတ်မည်မျှ ထွန်းကားခဲ့သည်ကို သိရှိနိုင်ကြပေသည်။)

## အညွှံမခံမင်းတို့မာန်

ဥတေနမင်း၏ စစ်သည်တို့သည် မိမိတို့၏ဘုရင် အဖမ်းခံရသည်ကိုသိ၍ မြို့အပြင်ဘောအုပ်၌ သစ်ခက်မြို့တည်၍နေ၏။

စဏ္ဍပဇ္ဇောတမင်းသည် မိမိ၏စစ်သည်များအား အောင်ပွဲကြီးပေး၏၊ တမြို့လုံး ဆူညံ၍နေကြ၏၊ အချုပ်ခန်းမှ ဥတေနမင်းသည် အစောင့်များအားပြော၏။

"အဘယ်တို့တိုင်းပြည်က ဆူညံလှပါကလား"

"ရန်သူကိုနှိပ်၍ အောင်ပွဲကျင်းပကြသော အသံများဖြစ်ပါသည်"

"သင်တို့မင်းက မိန်းမကဲ့သို့ကျင့်၏၊ ရန်သူကိုအောင်နိုင်လျှင် သတ်လိုကသတ်၊ မသတ်လိုကလွှတ်၊ ယခုမူ စိတ်ဆင်းရဲအောင် ပြုသည်" ဟု ဆို၏၊ အစောင့်တို့က မင်းထံသတင်းပို့ကြ၏။



စဏ္ဍပဇ္ဇောတမင်းသည်လာပြီးလျှင်“ဤသို့ပြောသည်မှာ မှန်မှန်သလော” ဟုမေး၏။ (ပုံ ၂၉) ဥတေနကာ “မှန်၏” ဟုဆို၏။

“သင့်ကိုလွှတ်စေလိုသော် သင်တတ်သောမန္တန်ကို ငါ့အား သင်ပေးလျှင် လွှတ်မည်” ဆို၏။

“ငါ့ကိုရှိခိုးသော် သင်ပေးမည်”

“ငါရှိမခိုးနိုင်”

“ရှိမခိုးသူကို သင်မပေးနိုင်”

“ငါ့ကိုသင်ကြားမပေးသော် မင်းဒဏ်ပေးရပေမည်”

“ငါ့ကိုယ်ကိုသာ သင်ထင်သလိုပြုနိုင်မည်၊ ငါ့စိတ်ကို သင် စိုးမိုးနိုင်သလော”

စဏ္ဍပဇ္ဇောတမင်းသည် ဥတေနမင်း၏ ရဲရင့်သောစကားကို ကြားလေလျှင် သူ့ထံမှမန္တန်ကို ငါ့အဘယ်သို့ရအောင် ကြံရပါ အံ့နည်းဟုစဉ်းစား၏၊ ဤမန္တန်ကိုသူတပါးလည်းမသိစကောင်း ငါ၏သမီးကိုသင်စေစည်၊ ငါ့သမီးထံမှ ငါသင်ယူမည်ဟုကြံ၏။

"သင့်ကို တစုံတယောက်က ရှိခိုးလျှင် သင်ကြားပေးမည်လော"

"ငါ့ကိုရှိခိုးသောသူအား သင်ကြားပေးမည်"

"သို့ဖြစ်လျှင် ငါ့ထံတွင် ခါးကုန်းမတယောက်ရှိ၏၊ သင်သည် ကန့်လန့်ကာအတွင်းမှနေ၍ ခါးကုန်းမကို ကန့်လန့်ကာအပြင်မှနေစေပြီး သင်ကြားပေးနိုင်မည်လော"

"ငါ့ကိုရှိခိုးသူအား ခါးကုန်းသူဖြစ်စေ၊ သူဆွံ့ဖြစ်စေ သင်ကြားပေးမည်" ဟုဆို၏။

## ချစ်ကြိုးသွယ်နှောင်မိကြခြင်း

စဏ္ဍပဇ္ဇောတမင်းသည် သမီးတော် ဝါသုလဒတ္တာအား.... "ချစ်သမီး၊ ခရုသင်းနူနာစွဲသူ တယောက်ထံတွင် အဖိုးတန်မန္တန်တပုဒ်ကို သင်ယူရန်ရှိသည်၊ ထိုမန္တန်ကို သူတပါးမသိစေချင်၊ ချစ်သမီးသည် ကန့်လန့်ကာအတွင်းမှနေ၍ သူ့ကိုရှိခိုးပြီး မန္တန်ကိုသင်ယူပါချေ"ဟုဆို၏။

သမီးတော်ကလည်း "ကောင်းပါပြီ"ဟုဝန်ခံ၏။

ဤသို့ ကန့်လန့်ကာခြား၍သင်ကြားရာ အကြိမ်ကြိမ်အထပ်ထပ်ချပေးသော်လည်း မရသဖြင့် ဥတေနမင်းက အမျက်ထွက်၍ "ဟယ် ခါးကုန်းမ၊ နှင့်နှုတ်သီးထူလှချည့်"ဟုဆို၏။ မင်းသမီးကလည်း အမျက်ထွက်၍ "ဟယ် အနူ ငါသို့သောမင်းသမီး

ကိုခါးကုန်းမဟု ဆိုရလေသလော”ဟု ပြန်လည်ကြိမ်းမောင်းလျှင် ဥဘောနသည် ကန့်လန့်ကာစွန်းကိုဖွင့်၍ကြည့်၏။

မင်းသမီးကိုမြင်လျှင်“သင့်ခမည်းတော်က သင့်ကိုခါးကုန်းမဟုပြောသည်”ဟု ဥဘောနမင်းဆိုသော် “အကျွန်ုပ်အား သင့်ကိုခရသင်းစွဲ လူနှုဟုပြောပေသည်” ဟုပြန်ပြော၏။ “သို့ဖြစ်လျှင် ကျွန်ုပ်တို့အချင်းချင်းချစ်ကျွမ်းဝင်မည်စိုး၍ ပြောသည်သာဖြစ်မည်” ဟုဆိုကာ ကန့်လန့်ကာအတွင်း၌သာ ချစ်ကျွမ်းဝင်လျက်နေကြကုန်၏။ ထိုနေ့မှစ၍ မန္တန်သင်ခြင်းမရှိတော့ပေ။ (ပုံ ၃၀)



# ဝါသုလဒတ္တမင်းသမီးကို ခိုးပြေးပုံ

စဏ္ဍပဇ္ဇောတမင်းက သမီးတော်အား "သင်ကြား၍တတ်ပြီလား" ဟုမေး၏၊ သမီးတော်က"သင်ယူနေဆဲပါ"ဟုပြော၏၊ ဆက်၍သင်စေ၏။

နောက်တနေ့တွင် ဥတေနမင်းက မင်းသမီးအား "ချစ်နှမ။ လင်ယောကျ်ားတို့ ပြုစုစောင့်ရှောက်နိုင်သော စည်းစိမ်မျိုးကို မယ်တော်၊ ခမည်းတော်၊ မောင်တော်၊ အစ်မတော်တို့က ပြုစုချီးမြှောက်ရန် မတတ်နိုင်ပါ၊ အကယ်၍ မောင်တော်၏အသက်ကိုကယ်လျှင် နှမတော်အား အခြံအရံငါးရာနှင့်တကွမိဖုရားကြီး အရာကိုပေးပါမည်"ဟုပြော၏၊ မင်းသမီးက....

"အရှင်ကတိတည်ပါစေ"ဟု ဂတိကဝတ်ပြုကြ၏၊ ဥတေနမင်းက အကြံအစည်ကိုပြောပြ၏။

မင်းသမီးလည်း ခမည်းတော်ထံသွား၍ ရှိခိုးပြီး "ခမည်းတော်မင်းကြီး၊ မန္တန်သင်ကြားခြင်းအဆုံးတိုင်လုပါပြီ၊ နက္ခတ်ကုံကြိုက်သောညဥ့်တွင် နက္ခတ်တာရာတို့ကိုကြည့်ပြီး မန္တန်ကိုရွတ်၍ ဆေးမြစ်တခုကို တူးယူရန်ရှိပါ၍ သမီးတော်တို့အား အချိန်မရွေးထွက်ရန် မြို့တံခါးပေါက်ဘေးပေါက်နှင့် စီးတော်ယာဉ်တစီးကို ရလိုပါသည်"ဟုလျှောက်၏။

"ချစ်သမီး ကြိုက်ရာဆင်ကိုယူ၍ ကြိုက်ရာတံခါး တခုကိုဖွင့်လော့"ဟု အမိန့်ပေး၏။

## စဏ္ဍပဇ္ဇောတမင်း၏ ရှေးကောင်းမှု

စဏ္ဍပဇ္ဇောတမင်းသည် အလွန်မြန်သော ယာဉ်ငါးမျိုးကို ပိုင်ဆိုင်၏၊ ၁။ ယူဇနာငါးဆယ်ကို နေ့ချင်းရောက်နိုင်သော ဘဒ္ဒဝတီဆင်မ၊ ၂။ ယူဇနာခြောက်ဆယ်ကို နေ့ချင်းရောက်နိုင်သော ကာမမည်သောကျွန်၊ ၃။ ယူဇာတရာကိုနေ့ချင်းရောက်နိုင်သော စေလကဏ္ဍီမြင်းနှင့် ၄။မုဉ္စကေသီမြင်း၊ ၅။ ယူဇနာတရာ့နှစ်ဆယ် နေ့ချင်းရောက်နိုင်သော နာဠာဂီရိဆင်ဟူ၍ ယာဉ်လျင်ငါးမျိုးကိုပိုင်၏။

ဤသို့ယာဉ်ငါးမျိုးကိုရသည့် ရှေးအတိတ်အကြောင်းကား ဘုရားပွင့်တော်မမူမီကာလက အစိုးတရပုဂ္ဂိုလ်တဦး၏ အလုပ်အကျွေးဖြစ်ခဲ့၏၊ ဆရာတပည့်နှစ်ဦး မြို့အပြင်မှ ရေချိုးအပြန်တွင် အရှင်ပစ္စေကဗုဒ္ဓါတပါးသည် မာရ်နတ်၏လှည့်စားမှုဖြင့် ဆွမ်းမရပဲ ဆေးပြီးတိုင်းသောသပိတ်ဖြင့် မြို့တွင်းမှပြန်ကြွလာသည်ကို ဖူးတွေ့ကြရ၏၊ အစိုးတရပုဂ္ဂိုလ်သည် အရှင်မြတ်၏ သပိတ်ကိုကြည့်သော် ဘာမျှမမြင်သဖြင့် တစုံတရာမျှ မရခဲ့ကြောင်းသိ၏၊ အိမ်၌ထမင်းကျက်သည်မကျက်သည်ကိုမသိသေးသောကြောင့် သပိတ်ကိုမယူဝံ့သေးပဲ အရှင်ဘုရားခေတ္တဆိုင်းငံ့တော်မူပါဟုဆိုပြီး တပည့်နှင့်အတူအိမ်သို့အမြန်ပြေး၏၊ ထမင်းကျက်ပြီးသည်ကိုတွေ့၍မိမိအလုပ်အကျွေးတပည့်အား "အမောင်အလျင်အမြန်သွား၍ အရှင်မြတ်အား သပိတ်ပေးတော်မူပါဟု တောင်းယူပြီး အမြန်ပြန်ခဲ့လော့" ဟု စေခိုင်း၏။ တပည့်သည် လျင်မြန်သော အဟုန်ဖြင့်ပြေး၍ သပိတ်ကိုယူခဲ့၏၊ အစိုးတရပုဂ္ဂိုလ်သည်လည်း မိမိအတွက်ဘောဇဉ်ကို သပိတ်တွင်ပြည့်စေ

ပြီး"ဤသပိတ်ကိုအမြန်ယူသွား၍ အရှင်မြတ်ကိုကပ်လော့၊ငါသည်သင့်အား ဤအဖိုးကိုပေးအံ့"ဟုဆို၏။

အလုပ်အကျွေးသည် သပိတ်ကိုယူ၍ အမြန်ပြေးသွားကာ အရှင်ပစ္စေကဗုဒ္ဓါအား ဆက်ကပ်၍ ထိခြင်းငါးပါးဖြင့်ရှိခိုးပြီး "အရှင်ဘုရား မွန်းတည့်ချိန်နီးပြီဟု တပည့်တော်သည် အလွန်လျင်မြန်သောအဟုန်ဖြင့် ပြန်လည်းပြန်၍ သွားလည်းသွားခဲ့ပါ၏၊ ဤအကျိုးကြောင့် ယူဇနာငါးဆယ်၊ ခြောက်ဆယ်၊ တစ်ရာတရာ့နှစ်ဆယ် သွားနိုင်သည့် ယာဉ်ငါးမျိုးတို့ ဖြစ်ပါစေကုန်သတည်း၊ ပြန်စဉ်သွားစဉ် တပည့်တော်၏ကိုယ်သည် နေပူရှိန်ကြောင့်ပူလောင်ခဲ့ပါ၏၊ ထိုအကျိုးအားကြောင့် တပည့်တော်ဖြစ်တိုင်းသောအရပ်၌ တပည့်တော်၏ အာဏာစက်သည် နေ၏တန်ခိုးတော်အာနုဘော်ကဲ့သို့ဖြစ်ပါစေသတည်း"

"ဤဆွမ်းကိုလှူရာ၌ တပည့်တော်၏အရှင်သခင်သည် အဖိုးကိုပေးခဲ့ပါ၏၊ ထိုကုသိုလ်၏ အကြောင်းဆက်ကြောင့် အရှင်မြတ်တို့ သိမြင်အပ်သော တရားအဖို့ရှိသည် ဖြစ်ရပါလို၏"ဟု ဆုတောင်း၏။

ဤသို့လျှင် စဏ္ဍပဇ္ဇောတမင်းကြီးအား ရေးကောင်းမှုရှိခဲ့သည်၊ ဤကောင်းမှုကြောင့် ယာဉ်ငါးမျိုးတို့ကို ပိုင်ဆိုင်လာရသတည်း။

## ဥဒေနမင်း၏ ပရိယာယ်

ဤမျှအစွမ်းထက်လှသော ယာဉ်လျင်ငါးမျိုးပိုင်ရှင် ဥဇ္ဇေနီဘုရင် ဇဏ္ဍပဇ္ဇောတမင်း၏လက်မှ ထွက်ပြေးလွတ်မြောက်နိုင်ရန်မှာ လွယ်ကူသောအလုပ်မဟုတ်ပေ။

တနေ့ စဏ္ဍပဇ္ဇောတမင်း ဥယျာဉ်ကစား ထွက်ခိုက်တွင် ဥတေနမင်းလည်း မင်းသမီးကိုအချိန်းအချက်ပြုထား သားရေအိတ်ကြီးတွင်ရွှေငွေတို့ကိုထည့်ပြီး ဆင်လျင်ကိုစီး၍ထွက်ပြေးကြတော့သည်။

အစောင့်တို့သည် မင်းကိုအကြောင်းကြား၍ အလျင်အမြန်လိုက်ကြ၏၊ ဥတေနမင်းက နောက်မှလိုက်လာ သောသူတို့အား ရွှေငွေတို့ကို တောချုံတို့၌ပစ်ချပေးလေ၏။ (ပုံ ၃၁)



နောက်မှလိုက်လာသူတို့သည် တောချုံတို့အကြားမှ ရွှေငွေတို့ကိုရှာယင်း ကျန်ခဲ့စဉ် ဥတေနမင်းဗိုလ်ပါတို့ စောင့်နေကြသော သစ်ခက်မြို့သို့ရောက်လေ၏။

ဥတေနမင်းလည်း ဗိုလ်ပါတို့နှင့်အတူ ကောသမ္ဗီပြည်တွင်းသို့ဝင်၍ ဝါသုလဒတ္တမင်းသမီးကို မောင်းမငါးရာဖြင့် မိဖုရားမြှောက်လေသည်။

ကောသမ္ဗီဘုရင် ဥတေနမင်းတွင် မိဖုရားကြီးသာမာဝတီနှင့် ဝါသုလဒတ္တ မိဖုရားဟူ၍ မိဖုရားနှစ်ပါးရှိလေပြီ။

## ဘုရားရှင်နှင့် မာဂဏ္ဍီ

ဂုရုတိုင်းတခုသောနိဂုံးတွင် အဖေ မာဂဏ္ဍီ၊ အမေ မာဂဏ္ဍီ၊ သမီး မာဂဏ္ဍီ နာမည်တမျိုးတည်းနှင့် သားအဖ သုံးယောက်ရှိကြသည်။ ဘထွေးကလည်း မာဂဏ္ဍီပင် အမည်တွင်၏။ သတို့သမီးသည် နတ်သမီးတမျှ အလွန်ချောလှ၏။ မင်းသား သဌေးသားတို့ လာရောက်စပ်ဟပ်ကြသော်လည်း ငါ့သမီးနှင့်မတန်ဟု ဆိုကာ လွှတ်၏။

မြတ်စွာဘုရားသခင်သည် မိုးသောက်ယံအခါ လောကကိုကြည့်တော်မူသော် မာဂဏ္ဍီ ပုဏ္ဏားလင်မယားတို့ အနာဂါမ်တည်မည့်အဖြစ်ကို သိတော်မူ၍ သပိတ်သင်္ကန်းကို ကိုယ်တော်တိုင်ယူဆောင်ပြီးလျှင် နိဂုံးရွာသို့ကြွတော်မူ၏။

မာဂဏ္ဍီပုဏ္ဏားသည် ခရီးအကြား၌ ဘုရားသခင်ကိုတွေ့မြင်လေရာတွင် ယောကျ်ားမြတ်တို့၏လက္ခဏာကိုမြင်လျှင်-


မာဂဏ္ဍီ

"ဤသူသာ ငါ့သမီးနှင့်ထိုက်တန်၏" ဟု မြတ်စွာဘုရားထံ ချဉ်းကပ်၍"နတ်သမီးတမျှလှပသောသမီးကို ပေးလိုပါ၍ နေရာမှ ခေတ္တစောင့်ပါ"ဟု ဆို၏။ မြတ်စွာဘုရားသည် ပုဏ္ဏား၏ စကားကို နှစ်သက်လက်ခံခြင်း၊ ပယ်မြစ် တန့်ကွက်ခြင်း တို့ကို ပြုတော်မမူ။ ပုဏ္ဏားသည် အိမ်သို့ပြန်ထာ သမီးကိုတန်ဆာဆင်စေ၍ ခေါ်လာခဲ့၏။ မာဂဏ္ဍိမိသားစု လှုပ်ရှားဟန်ကိုမြင်သဖြင့် ရွာသူရွာသားတို့က မာဂဏ္ဍိပုဏ္ဏားသည် ငါ့သမီးနှင့် ထိုက်တန်သူမရှိဟု ဆိုခဲ့၏၊ယခု ထိုက်တန်သူတွေ့ပြီဟု ဆိုသည်။အဘယ်သို့သော ယောကျ်ားနည်းဟု သိလိုသဖြင့် လူအပေါင်းတို့သည် လိုက်၍ကြည့်ကြ၏။

ဘုရားသခင်ကား မူလရပ်တော်မူရာ၌ ခြေတော်ရာကိုချတော်မူခဲ့၍ မနီးမဝေး၌ သီတင်းသုံးနေတော်မူ၏။

(မြတ်စွာဘုရားတို့၏ခြေဘော်ရာသည် ဓိဋ္ဌာန်၍နင်းရာ၌သာ ခြေတော်ရာထင်လေ၏။ အခြားနေရာ၌ ခြေတော်ရာမထင်ကုန်။ အကြင်သူတို့သည်ခြေတော်ရာကိုအလိုရှိ၍ဆောက်တည် တောင်းပန်၏။ ထိုဆောက်တည်သော ခြေတော်ရာကား မည်သူမျှ ဖျက်ဆီးရန် မတတ်နိုင်ပေ။)

## ခြေရာတို့၏သဘော

(ဗုဒ္ဓဝင်၊ ၁၊ မာရ်နတ်သမီးများ ဝတ္ထုမှ)

ထိုအရပ်သို့ရောက်သော် ပုဏ္ဏေးမက ထိုယောကျ်ား အဘယ်မှာနည်းဟု မေး၏။ ပုဏ္ဏားက ဤနေရာ၌ ဆိုင်းငံ့နေပါဟု သူ့ကိုမှာခဲ့သည်ဟု ပြောဆိုပြီး ထိုမှ ဤမှရှာဖွေရာ ခြေတော်ရာကို တွေ့မြင်သော်....

"ဤသည်ကား ထိုယောကျ်ား၏ခြေရာတည်း"ဟု ပြလေ၏။

ပုဏ္ဏေးမသည် လက္ခဏာ၌ လိမ္မာကျွမ်းကျင်သည်ဖြစ်၍-

"ပုဏ္ဏားကြီး၊ ဤခြေရာသည် ကာမဂုဏ်ခံစားသူ၏ ခြေရာ မဟုတ်၊ ဤခြေရာကား ကိလေသာကင်းသူ၏ခြေရာသာတည်း"

ပုဏ္ဏားကြီး တပ်မက်သူ၏ခြေရာသည် ခြေဖျားထောက်ဟန် ဖြစ်၏။ အမျက်ထွက်သူ၏ခြေရာသည် ဖနောင့်ခွက်၏၊ တွေဝေသူ ၏ခြေရာသည် ဆွဲငင်ဘိသို့ဖြစ်၏။ ကာမဂုဏ်ကင်းသူ၏ခြေရာ ကားဤခြေရာပင်တည်း"ဟု ဆို၏။

ထိုအခါ ပုဏ္ဏေးမကို ပုဏ္ဏားကြီးသည်

"ရှင်မအသံမပြုနှင့် တိတ်တိတ်သာလာလော့"ဟု ဆို၍ သွား ကြ၏။ မြတ်စွာဘုရားသီတင်းသုံးရာအရပ်ကိုမြင်လျှင်....

"ငါပြောသူကား ဤယောကျ်ားတည်း" ဟု ပုဏ္ဏေးမအား ပြော၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင်....

"ရဟန်း။ ။သမီးကို သင့်အား ပေးအံ့" ဟု ဆိုလေ၏။ မြတ်ဘုရားသည် သင့်သမီးကို ငါအလိုမရှိဟု မဆိုပဲ-

"ပုဏ္ဏား အကြောင်းတခုကို ပြောဆိုအံ့ နားထောင်လော့" ဟုမိန့်တော်မူပြီးလျှင်၊တောထွက်မှုသည်မှစ၍ အတိတ်ကိုဆောင် ၍ ပြတော်မူ၏။

## ခုနစ်နှစ်ပတ်လုံး မာရ်နတ် အပြစ်ရှာပုံ

ဘုရားအလောင်းတော်သည် တိုင်းပြည် စည်းစိမ်ကို စွန့်၍ ကဏ္ဍက မြင်းတော်ကို စီးကာ ဆန္နအမတ်ကို အဖော်ပြုလျက် တောထွက်ဘော်မူစဉ် မာရ်နတ်သည် မြို့တံခါးဝမှရပ်လျက်....

"သိဒ္ဓတ္ထမင်း ပြန်ပါ၊ ယနေ့မှ ခုနှစ်ရက် မြောက်သော နေ့၌ သင့်အတွက် စကြာရတနာ အထင်အရှား ဆိုက်ရောက်လာလိမ့်မည်"ဟု ဆို၍ တား၏။ ဘုရားအလောင်းတော်က-

"မာရ်နတ်၊ စကြာရတနာ ထင်ရှားဆိုက်ရောက်မည့် အကြောင်းကိုငါသိ၏ငါသည် စကြာရတနကိုအလိုမရှိ"ဟု ဆို၏။ ထိုအခါ"အဘယ်အကျိုးငှာ တောထွက်ဘနည်း" ဟု မေးလျှင် "သဗ္ဗညုတဉာဏ်တော်အလို့ငှာ တောထွက်သည်"ဟုမိန့်၏။

"သို့ဖြစ်လျှင် ယနေ့မှစ၍ ကာမဝိတက်စသည်တို့တွင် တခုခု သောဝိတက်ကိုကြံလျှင် သင့်အား ငါအဘယ်သို့ပြုမည်ကို သိရပေအံ့"ဟု ကြုံးဝါးပြောဆို၏။

မာရ်နတ်သည် ထိုအခါမှစ၍ ခုနစ်နှစ်ပတ်လုံး ဘုရားအလောင်းနောက်သို့ အစဉ်လိုက်၍ အပြစ်အနာအဆာကိုကြည့်၍သာ နေလေ၏။

## မာရ်နတ်သမီးတို့၏ ရာဂကျော့ကွင်း

မြတ်စွာဘုရားသည် ခြောက်နှစ်တို့ပတ်လုံးဒုက္ကရစရိယကိုကျင့်၍ ယောကျ်ားမြတ်တို့၏ အားလုံ့လတော်ကိုမှီပြီး ဗောဓိပင်ရင်း၌ သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်းသိတော်မူလျက် အရဟတ္တဖိုလ်ချမ်းသာကို ခံစားတော်မူသော ပဥ္စမသတ္တဟ၌ ဆိတ်ကျောင်းညောင်ပင်ရင်းတွင် သီတင်းသုံးတော်မူလေ၏၊ ထိုအခါ မာရ်နတ်သည်....

"ငါသည် ဤမျှလောက်သော ကာလပတ်လုံး အစဉ်လိုက်၍ အပြစ်အနာအဆာတို့ကို ကြည့်သော်လည်း သိဒ္ဓတ္ထမင်းသားအား တစုံတရာချို့ယွင်းမှုကိုမမြင်၊ ယခုသူသည် ငါ၏နယ်ပယ်

ကိုလွန်မြောက်သွားလေသည်”ဟု စိတ်နှလုံး မသက်မသာဖြင့် လမ်းမကြီး၌ထိုင်၍ငိုင်နေ၏။

ထိုအခါ မာရ်နတ်၏သမီး သုံးယောက်ဖြစ်သော တဏှာ၊ အရတိ၊ ရာဂါတို့သည် ဖခင်မာရ်နတ်မင်းကိုမမြင်၍ ရှာဖွေကြသော် လမ်းမကြီး၌ထိုင်၍ စိတ်နှလုံး မသာမယာဖြင့် ငိုင်နေသော ဖခင်မာရ်နတ်မင်းကိုမြင်လေလျှင် အနီးသို့ချဉ်းကပ်၍—

“ခမည်းတော်၊ အဘယ်ကြောင့် မျက်နှာမသာ စိတ်နှလုံး ဆင်းရဲနေဘိသနည်း”ဟု မေးကြ၏။

မာရ်နတ်သည် သမီးတို့အားအကြောင်းစုံကိုပြောကြားလေ၏။

“ဤကိစ္စအတွက် မစိုးရိမ်ပါနှင့်၊ သမီးတို့သည် မိမိတို့အလို၌ပါအောင်ပြု၍ ခေါ်ဆောင်ခဲ့ပါမည်”ဟုဆိုကြ၏။

“သမီးတို့ ဤကိစ္စအတွက် လွယ်ကူမည်မဟုတ်ပေ”

“ခမည်းတော်၊ သမီးတို့သည် သိဒ္ဓတ္ထမင်းသားကို ရာဂ ကျော့ကွင်းစသည်တို့ဖြင့် ချည်နှောင်ဆွဲခေါ်ခဲ့ပါမည်၊ မစိုးရိမ်ပါနှင့်”ဟုဆို၍ မြတ်စွာဘုရားထံ ချဉ်းကပ်ကြကုန်၏။

“ရှင်ရဟန်း၊ သင်၏ခြေရင်း၌ လုပ်ကျွေးပါကုန်အံ့” ဟုဆိုကြ၏။

မြတ်စွာဘုရားသည် နတ်သမီးတို့၏စကားကို နှလုံးသွင်းခြင်း ပြုတော်မမူ၊ မျက်စိတို့ကိုဖွင့်၍မျှကြည့်တော်မမူပေ။

## မာရ်နတ်သမီးတို့ကြံကြမြန်ခြင်း

မာရ်နတ်သမီးတို့သည် အားမလျော့ကြသေး။

ယောကျ်ားတို့၏ အလိုဆန္ဒသည် အမျိုးမျိုးရှိကြ၏၊ အချို

ထား ငယ်ငယ်ရွယ်ရွယ်ကို ချစ်ခင်တတ်၏၊ အချို့ကား ပထမ အရွယ်သို့ရောက်သော မိန်းမတို့ကိုလိုလားကြ၏၊ အချို့ကား အလယ်အလတ် အရွယ်၌ရှိသော မိန်းမတို့ကို နှစ်သက်တတ်၏၊ အချို့ကား မိန်းမကြီးတို့၌ ချစ်ခင်ခြင်းဖြစ်၏။ အရွယ်အမျိုးမျိုးဖြင့် သိဒ္ဓတ္ထမင်းသားကို ဖြားယောင်းကြအံ့ဟု တယောက်တယောက်သည် တရာတရာစီသော ကိုယ်တို့ကို ဖန်ဆင်း၍ မိန်းမပျိုလေးအရွယ်၊ သားမဖွားဘူးသေးသောအရွယ်၊ တကြိမ်သားဖွားပြီးသော အရွယ်၊ နှစ်ကြိမ် သားဖွားပြီးသော အရွယ်၊ မိန်းမလတ်အရွယ်၊ မိန်းမကြီးအရွယ်တို့ကို ဖန်ဆင်း၍ ခြောက်ကြိမ်တိုင်တိုင်ချဉ်းကပ်ကာ ဖြားယောင်းကြကုန်၏။

မာရ်နတ်၏သမီးများ မူယာကြွယ်ကြွယ်ပြောဆိုသောစကားများကို မြတ်စွာဘုရားသည် (အတုမရှိ မြင့်မြတ်သောဥပမိလေးပါးကုန်ရာ နိဗ္ဗာန်၌သာနှလုံးသွင်းခြင်းဟူသောအကြောင်းဖြင့်) ထိုမိန်းမတို့၏စကားကို နှလုံးသွင်းတော်မမူ။

ထို့နောက်မြတ်စွာဘုရားသည် ဤမျှယောက်အထိ လိုက်လံနှောင့်ယှက်နေကြကုန်သော မာရ်နတ်သမီး သုံးယောက်တို့ကို

"ဖယ်ကြကုန်လော့၊ အဘယ်ကိုမြင်၍ ဤသို့အားထုတ်နေကြသနည်း၊ ဤကဲ့သို့သော ဖြားယောင်းမှုမျိုးကို ရာဂကင်းသောဘုရား ရဟန္တာတို့၏ရှေ့တော်၌ပြုရန်မထိုက်၊ မြတ်စွာဘုရားကား ရာဂစသည်တို့ကို ပယ်အပ်ပြီးပြီ၊ ထိုမြတ်စွာဘုရားကို အဘယ်အကြောင်းကြောင့် မိမိအလိုသို့ဆောင်နိုင်ကုန်အံ့နည်း"

ဟု မိန့်တော်မူကာ ဒေသနာတော်ကို ဟောကြားတော်မူသည်မှာ ...

၁၇၉။ အကြင်မြတ်စွာဘုရားသည် အောင်အပ်ပြီးသော ကိလေသာကို တဖန်အောင်ဖွယ်မလို၊ လောကဌ် အကြင်မြတ်စွာဘုရား၏ အောင်ပြီးသော ကိလေသာနောက်သို့ ကိလေသာ တစုံတခုမျှ အစဉ်မလိုက်တော့ချေ၊ အပိုင်းအခြားမရှိကျက်စားနိုင်သည့် သဗ္ဗညုတဉာဏ် ရှိတော်မူသော ရာဂစသောခရီးလမ်းကြောင်းမရှိသော မြတ်စွာဘုရားကို အဘယ်ခရီးလမ်းကြောင်းဖြင့် သင်တို့ ခေါ်ဆောင်နိုင်ကုန်အံ့နည်း။

၁၈၀။ အကြင် မြတ်စွာဘုရားအား တစုံတစ်ခုသော လောကသို့ခေါ်ဆောင်ရန် ပိုက်ကွန်ပမာကပ်ငြိတတ်သော တဏှာသည်မရှိ၊ အပိုင်းအခြားမရှိ ကျက်စားနိုင်သည့် သဗ္ဗညုတဉာဏ် ရှိတော်မူသော ရာဂစသော ခရီးလမ်းကြောင်းမရှိသော ထိုမြတ်စွာဘုရားကို အဘယ်ခရီးလမ်းကြောင်းဖြင့် သင်တို့ခေါ်ဆောင်နိုင်ကုန်အံ့နည်း။

ဒေသနာတော်၏အဆုံး၌ နတ်ပေါင်းများစွာတို့အားတရားထူးကို ထိုးထွင်း၍သိခြင်းသည် ဖြစ်လေ၏၊ မာရ်နတ်သမီးတို့သည် ထိုနေရာ၌ပင် ကွယ်ပျောက်ကုန်၏။

မြတ်စွာဘုရားသည် တရားဒေသနာတော်ကို ဆောင်တော်မူပြီးလျှင် "မာဂဏ္ဍိ ပုဏ္ဏား။ ငါဘုရားသည် ရှေးအခါ၌ ဤမာရ်နတ်သမီးသုံးယောက်တို့ကိုမြင်ခဲ့ရပြီ၊ သလိပ်စသည်တို့ဖြင့်မလိမ်းမကျံပဲ၊ ရွှေကျုံးရွှေခဲနှင့်တူသော ခန္ဓာကိုယ်ဖြင့် ပြည့်စုံကြကုန်၏၊

ထိုအခါ၌သော်လည်း မေထုန်မှု၌ ဆန္ဒမဖြစ်ခဲ့သည်သာတည်း၊ သင့်သမီး၏ကိုယ်သည်ကား သုံးဆယ့်နှစ်ပါးသော အခြင်းအရာ အပုပ်အသိုး အပြည့်ဖြစ်၍ အပြင်ပ၌ အဆန်းတကြယ် ပြုအပ်သော မစင်အိုးသဖွယ် ဖြစ်၏။

ထိုသို့သဘောရှိသော အသင့်သမီး၏ကိုယ်၌ ငါဘုရားသည် ခြေတို့ကို မထိရာပေတကား” ဟု မိန့်တော်မူ၍ ဤဂါထာကို ဟောတော်မူ၏။

“တဏှာအရတိရာဂါမာရ်နတ်သမီးတို့ကိုမြင်၍ ဤမျှမေထုန်မှု၌ ဆန္ဒသည်းမဖြစ်ခဲ့ပေ၊ ကျင်ငယ်ကျင်ကြီး အပြည့် ဖြစ်သော ဤသင်တို့သမီးမာဂဏ္ဍီကို ခြေဖြင့်လည်း တို့ထိရန် အလိုမရှိပေ”

ဒေသနာတော်၏အဆုံး၌ ပုဏ္ဏားလင်မယား နှစ်ဦးတို့သည် အနာဂါမိဖိုလ်၌ တည်လေ၏။ (ဗုဒ္ဓဝဂ်၊ ၁၊မာရ်နတ်၏သမီးများဝတ္ထု ပြီး၏။)

## မြတ်စွာဘုရားအား ရန်ငြိုးထားခြင်း

မာဂဏ္ဍီသည် “ဤမှုဟန်းကား ငါ့ကိုမလိုချင်လျှင် မလိုချင် ကြောင်းကိုသာ ပြောသင့်ပါလျက်၊ ငါ့ကို ကျင်ကြီးကျင်ငယ်တို့ ဖြင့် ပြည့်သည်ဟု ပြောဆို၍ ခြေဖြင့်ပင်ထိရန်အလိုမရှိဟုဆိုလေ သည်၊ နေနှင့်ဦး၊ ငါ့မှာ လျောက်ပတ်သော လင်ယောကျာ်းကို လျှင် ရဟန်းဂေါတမအား လက်စားချေနိုင်သာမျှ ချေအံ့” ဟု မြတ်စွာဘုရားအပေါ် ရန်ငြိုးဖွဲ့လေ၏။

## သိတော်မူသော မြတ်စွာဘုရား

မြတ်စွာဘုရားသခင်သည် မာဂဏ္ဍိ သတို့သမီး မိမိအပေါ် ရန်ငြိုးထားသော အာဃာတဖြစ်အံ့သည်ကို သိတော်မူသလော၊ သိတော်မမူသလောဟု မေးလျှင်၊ သိတော်မူသည်ဟု ဖြေအပ်၏။

သိတော်မူပါလျက် အဘယ့်ကြောင့် ဤသို့ဟောတော်မူပါ သနည်းဆိုလျှင် မာဂဏ္ဍိ မိဘနှစ်ဦးတို့ အတွက် ဟောတော်မူ လေ၏။

မှန်၏။ ။ဘုရားရှင်တို့ မည်သည် ရန်ငြိုးအာဃာတကို တွက် တော်မမူ၊ မဂ်ဖိုလ် ရထိုက်သောသူတို့အတွက် တရားတော်ကို ဟောတော်မူသည်သာဖြစ်သတည်း။

ပုဏ္ဏားလင်မယားသည် အနာဂါမိဖိုလ်ကိုရပြီး သမီးကို ညီ ဖြစ်သူ စူဠမာဂဏ္ဍိပုဏ္ဏားထံအပ်ကာ ဘုရားရှင်ထံတော်၌ ရဟန်း ပြုကြသဖြင့် အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။

## ဥတေနမင်း၏ မိဖုရားဖြစ်ခြင်း

ဘထွေးပုဏ္ဏားသည် မာဂဏ္ဍိအား ဥတေနမင်းထံ ဆက်သ ရာ ဥတေနမင်းသည်း မာဂဏ္ဍိကိုမြတ်နိုးလှစွာ မောင်းမငါးရာ အခြံအရံတို့ဖြင့် မိဖုရားကြီးအရာထားလေသည်။

မှတ်ချက်။ ။ဥတေနမင်း၏ ကောသမ္ဗီပြည်တွင် သာမာဝတီ မိဖုရားကြီး၊ ဝါသုလဒတ္တာမိဖုရားကြီး၊ မာဂဏ္ဍိ မိဖုရားကြီးဟူ၍မိဖုရားသုံးယောက်ကို မောင်းမ ငါးရာစီဖြင့် တန်းတူ မိဖုရားကြီးများ အဖြစ် ထားခဲ့ပါသည်။

# ဘုရားရှင်သာသနာနှင့်
# ကောသမ္ဗီပြည်



## ရသေ့ငါးရာနှင့်ညောင်စောင့်နတ်

ကောသမ္ဗီ ပြည်တွင် ဃောသကသဌေး၊ ကုက္ကုဋသဌေး၊ ပါဝါရိကသဌေးဟူ၍ သဌေးကြီးသုံးဦးရှိ၏။ ဟိမဝန္တာ၌နေကြသော ရသေ့ငါးရာတို့အား သဌေးသုံးဦးတို့ ပင့်ဖိတ်ထားကြသဖြင့် ဟိမဝန္တာတွင် နွေ ဆောင်း ရှစ်လနေ၍ မိုးတွင်းလေးလတွင် ကောသမ္ဗီပြည်သို့ ကြွရောက်သီတင်းသုံးကြ၏။

ဤနှစ်မိုးဦးကျတွင် ရသေ့ငါးရာ ကြွလာကြရာ လမ်းခရီးတောအုပ်အသယ် ညောင်ပင်ကြီး တပင်အောက်၌ နားခိုနေကြယင်း—

"ဤညောင်ပင်၌ တန်ခိုးကြီးသော နတ်တပါးပါးရှိရာ၏၊ ထိုနတ်မင်းသည် ငါတို့အား သောက်ရေလှူလျှင်ကောင်းလေစွ" ဟုစိတ်၌ကြံ၏၊ နတ်သည် သောက်ရေလှူဒါန်း၏၊ ရသေ့ကြီးတာ ချိုးရေကိုကြံစည်ပါလျှင် ချိုးရေကိုလှူဒါန်း၏၊ ဘောဇဥ်ကို ကြံစည်ပါလျှင် နတ်ကဆွမ်းဘောဇဉ် လှူဒါန်း၏။

ရသေ့ကြီးက နတ်မင်းကိုမြင်ရလျှင်ကောင်းလေစွဟုကြံလျှင် ညောင်ပင်၏ပင်စည်ကိုဖောက်၍ ကိုယ်ထင်ရှားပြ၏။ ရသေ့တို့က "အဘယ်ကောင်းမှုကြောင့် ဤစည်းစိမ်ကို ရသနည်း" ဟုမေးကြ၏။ နတ်က "ကောင်းမှုမှာ နည်းပါးလှန်း၍ ရှက်၍မပြောပါရစေနှင့်" ဟုဆို၏။ (ပုံ ၃၄) ရသေ့တို့အတန်တန်မေးမှ "ရှက်ရှက်နှင့်ပင်ပြောပါရစေ" ဟုပြော၏။

## နေ့တဝက်ဥပုသ်အကျိုး

ညောင်စောင့်နတ်သည် လူ့ဘဝကဆင်းရဲလှ၍ အနာထပိဏ် သဌေးကြီးအိမ်တွင် အလုပ်ဘောင်း၏၊ အပြင်ထွက်၍ လုပ်ရသောအလုပ်ကိုရ၏၊ အနာထပိဏ်သဌေးကြီးအိမ်တွင် ဥပုသ်နေ့တိုင်း နေအိမ်တွင်ရှိသမျှလူတိုင်း ဥပုသ်စောင့်ကြ၏၊ ကလေးများကိုပင် ခံတွင်းကိုဆေးကြော၍ စတုမဓုကိုရ ပေးကြ၏။

သဌေးကြီး ကျောင်းမှပြန်လာလျှင် အိမ်သားများအား လူသစ်အခစား အလုပ်သမားကို ယနေ့ ဥပုသ်နေ့ဖြစ်ကြောင်း ပြောပြီသလားဟုမေး၏၊ မပြောမိကြောင်းပြောလျှင် သူ့အတွက် ထမင်းချက်ခိုင်း၏။



လုပ်ခစားသည် အပြင်အလုပ်မှပြန်လာ၏၊ ထမင်းချက်ထာ ထမင်းများ ခူးခတ်ပြင်ဆင်၍ကျွေး၏၊ မစားသေးပဲ အကဲခတ် ကြည့်နေ၏၊ ယနေ့ညစာစားချိန်တွင်တိတ်ဆိတ်လှသဖြင့် ထမင်း ချက်ကိုမေးကြည့်၏၊ ထမင်းချက်သူက ယနေ့ဥပုသ်နေ့ဖြစ်၍ တအိမ်လုံး ဥပုသ်စောင့်ကြသည်၊ ညစာမစားကြ၊ ဆီမီးထွန်း ချိန်တွင် ကလေးများပါမကျန် အိပ်ရာတွင် ဒွတ္တိံသကမ္မဋ္ဌာန်း ကို စီးဖြန်းကြသည်၊ သင်သည်လူသစ်ဖြစ်၍ ယနေ့ဥပုသ်စောင့်

ကြမည်ကိုမပြောမိသဖြင့် ဆင်တယောက်စာသာ ထမင်းချက်ထားရခြင်းဖြစ်သည်ဟု ပြောပြ၏။

လူသစ်သည် စေတနာပေါက်လာ၏၊ "ယခုညနေပိုင်းဥပုသ်စောင့်၍ဖြစ်ပါသေးသလား"ဟုမေး၏။ ထမင်းချက်က"သဌေးကြီးကိုမေးပါဦးမည်"ဟုပြောပြီး သွားရောက်မေး၏။

"ယခု ထမင်းမစားပဲ ခံတွင်းကိုဆေးကြော၍ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ရှစ်ပါးသီလကိုခံယူ၍ ဥပုသ်စောင့်လျှင်ဖြစ်၏" ဟုပြောပြ၏၊ လုပ်ခစားအလုပ်သမားသည် ညစာကိုမစားတော့ပဲ ခံတွင်းကိုဆေးကြော၍ သီလခံယူ ဥပုသ်စောင့်ထိန်းလေ၏။

## အသက်နှင့်လဲ၍ စောင့်သောဥပုသ်

ညဥ့်ဦးပိုင်းသို့ရောက်လေလျှင် တနေ့လုံးအလုပ်လုပ်ပြီး ဘာတခုမျှမစားခဲ့ရသောကြောင့် လေတို့သည်ထလာသည်၊ ရင်ထဲမှအောင့်လာ၏၊ ရင်ကိုကြိုးဖြင့်စည်း၍ထား၏၊ ကြာသော်မခံမရပ်နိုင်ဖြစ်လာပြီး လူးလိမ့်နေရ၏၊ အလုပ်သမားတို့ ဝိုင်းဝန်းပြုစုကြ၏၊ အနာထပိဏ်သည် မီးရှူးတိုင်ဖြင့် အိမ်ပေါ်မှဆင်းလာ၍ စတုမဓုယူလာကျွေး၏။

"အရှင်တို့ စားကြပါသလော" ဟုမေး၏။ "ဝေဒနာဖြစ်လာသော် စားကြ၏"ဟုဖြေ၏။

"အကျွန်ုပ်သည် ဥပုသ်တဝက်သာ စောင့်ရပါ၏၊ အပျက်မခံနိုင်ပါ အောင့်၍သည်းခံပါမည်"ဟုဆိုသဖြင့် အနာထပိဏ်သဌေးသည် ပြန်သွား၏၊ နံနက်အရုဏ်တက်တွင် လေရောဂါဖြင့်ပင်ကွယ်လွန်၏၊ ချက်ချင်းပင်သြောင်ပင်၌ ရုက္ခစိုးဖြစ်ခဲ့၏၊ ထိုမပြောပလောက်သော နေ့ဝက်ဥပုသ်၏ ကုသိုလ်အကျိုးဆက်သည် ဤစည်းစိမ်ကိုရခဲ့၏။

" ဘုရားကျောင်း ဒါယကာကြီး အနာသပိဏ်သဌေးနှင့် တအိမ်သားလုံးသည် ဘုရား၊ တရား၊ သံဃာရတနာသုံးပါး၌ အလွန်ကြည်ညိုကြပါသည်"ဟု ညောင်ပင်စောင့်နတ်က ပြော ပြလေသည်။

"ဘုရား" ဟူသောအသံကိုကြားသည်နှင့် ရသေ့ကြီးငါးရာ တို့သည် နေရာမှထ၍ လက်အုပ်ချီကြလျက် "ဘုရားဟူ၍ သင်ဆို သလော၊ ဘုရားဟူ၍ သင်ဆိုသလော"ဟု မေးကြကုန်သဖြင့်....

"မှန်ပါသည်။ ။ဤလောက၌ ဘုရား၊ တရား၊ သံဃာ၊ ရတနာ သုံးပါးပေါ်ထွန်းလျက်ရှိနေပါသည် "ဟုဆိုသော်" ဤဘုရားဟူသောအသံသည်ပင်လောက၌ရခဲလှပေ၏"ဟုဥဒါန်း ကျူး၍ နတ်မင်း ကမ္ဘာသိန်းပေါင်းများစွာ မကြားရဘူးသော ဘုရားဟူသော အသံကို သင်သည် ပြောကြား၏။ ဘုရားရှင် သည် ယခုအဘယ်အရပ်၌ သီတင်းသုံးပါသနည်း" ဟုမေး၏။

"သာဝတ္ထိပြည်၌ သီတင်းသုံးလျက်ရှိပါသည်" ဟုနတ်မင်း က ဖြေကြား၏။

## မြတ်စွာဘုရားထံသွားရောက်ကြခြင်း

ရသေ့ငါးရာတို့ ကောသမ္ဗီပြည်သို့ ရောက်လျှင်သဌေးကြီး သုံးဦးတို့အား လောက၌ဘုရားသည် ပွင့်တော်မူပြီတဲ့ တရား တော်သည် ထင်ရှားနေပြီတဲ့၊ သံဃာတော်သည် ဖြစ်ပေါ်နေပြီ တဲ့၊ ထို့ကြောင့် ငါတို့ ဘုရားရှင်ထံ သွားတော့မည့်အကြောင်း ခွင့်ပန်၏။ သဌေးသုံးဦးကလည်း "တပည့်တော်တို့လည်း လိုက် ပါကြမည်၊ အရှင်ရသေ့တို့ ဆိုင်းငံ့တော်မူကြပါ၊ အစီအစဉ်များ ပြုလုပ်ပါမည်"ဟု ဆိုသည်။ ရသေ့တို့က "သင်တို့အစီအစဉ်

ပြုလုပ်နေလျှင် ငါတို့ကြွကြွာနေတော့မည်၊ သင်တို့လိုက်ခဲ့ကြပါ''ဟု ဆိုပြီးလျှင် သွားနှင့်ကြ၏။

မြတ်စွာဘုရားထံတော်သို့ရောက်လျှင် ကြည်နူးသဒ္ဒါ ချီးမွမ်းထောပနာ၍ ရှိခိုးကြကုန်၏။ ဘုရားသည် အစဉ်အတိုင်း တရားစကား ဟောကြားတော်မူရာ ဒေသနာတော်အဆုံး၌ ရသေ့အားလုံးပင် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တ ဖိုလ်သို့ ရောက်ကြပြီးနောက် ရဟန်းအဖြစ်ကို တောင်း ပန် ကြ သ ဖြင့် ''ဧဟိဘိက္ခု''အဖြစ် တန်ခိုးဖြင့်ပြီးသော သပိတ်သင်္ကန်းဆောင်သည့်ရဟန်းများဖြစ်ကြကုန်၏။

## ကောသမ္ဗီပြည်သို့ ပင့်ကြခြင်း

သဌေးကြီး သုံးဦးတို့သည် လှည်းငါးရာစီဖြင့် လှူဖွယ်တို့ကို တင်ပြီး မြတ်စွာဘုရား တရားတော်ကိုနာကြရာ သောတာပတ္တိဖိုလ်၌ တည်ကြကုန်၏။ တဆယ့်ငါးရက်တိုင်တိုင် အလှူကြီးပေး၍ မြတ်စွာဘုရားရှင်အား ကောသမ္ဗီပြည်သို့ ကြွရောက်ပါရန် ပင့်လျှောက်ကြ၏။

## ကောသမ္ဗီမှ ကျောင်းတော်ကြီးများ

မြတ်စွာဘုရားက ''ဒါယကာကြီးတို့ မြတ်စွာဘုရားတို့သည် ဆိတ်ငြိမ်ရာ၌ မွေ့လျော်ကုန်၏'' ဟု မိန့်တော်မူ၏။ ''တပည့်တော်တို့ သိပါကုန်၏။ တပည့်တော်တို့ သတင်းစကားလေ့လှတ်လျှောက်ထားပါလျှင် ကြွတော်မူပါ''ဟု လျှောက်ထားခဲ့ကြ၏။

ကောသမ္ဗီပြည်သို့ ရောက်လျှင် ဃောသက သဌေးကြီးက ဃောသိတာရုံ ကျောင်း၊ ကုက္ကုဋ သဌေးကြီးက ကုက္ကုဋာရုံ ကျောင်း၊ ပါဝါရိက သဌေးကြီးက ပါဝါရိကကျောင်း ဟူ၍

ကျောင်းတော်ကြီး သုံးကျောင်း ဆောက်လုပ်၍ မြတ်စွာဘုရား အားပင့်ပြီး လှူဒါန်း လုပ်ကျွေးကြ၏။ ဘုရားသခင်သည် တနေ့လျှင် ကျောင်းတကျောင်း၌ သီတင်းသုံးတော်မူ၍ သီတင်းသုံးရာ ကျောင်းတဆောအိမ်၌ ဆွမ်းခံကြွတော်မူ၏။

## သုမနပန်းသည်

ထိုသဌေးကြီးအိမ်သို့ ပန်းများပေးသွင်းရသော သုမနပန်း သည်က သဌေးကြီးတို့အား 'အကျွန်ုပ်သည် သဌေးကြီးတို့အား ရက်ပေါင်းများစွာကျွေးဇူးပြုခဲ့ပါ၏၊မြတ်စွာဘုရားကို ဆွမ်းလှူ ရန် တရက်မျှ အကျွန်ုပ်အားပေးပါ''ဟု တောင်းပန်၏။ သဌေး ကြီးတို့က ''အော်....ဟုတ်ပေ၏'' ဟု ခွင့်ပြု၏။ သုမနပန်းသည် လည်း အားရဝမ်းသာ ဆွမ်းအတွက် ပြင်ဆင်ရန်ပြန်၍သွား၏။

ဤသို့ဖြင့် ဘုရားရှင်၏ သာသနာတော်သည် ကောသမ္ဗီပြည် တွင် စတင်ပွင့်လင်းလာပါသတည်း။

## ကျွန်မ ခုဇ္ဇုတ္တရာ

ဥတေနမင်းကြီးသည် မိဖုရားသုံးပါးအနက်သာမာ ဝ တီကို အမြတ်နိုးဆုံးဖြစ်၏။ သာမာဝတီအတွက် တနေ့လျှင် ပန်းဖိုး ရှစ်သပြာပေး၍ ခါးကုန်းသော ကျွန်မ ခုဇ္ဇုတ္တရာအား တာဝန် ပေး၍ ပန်းဆက်စေ၏။

ကျွန်မ ခုဇ္ဇုတ္တရာသည် သုမနပန်းသည်ထံမှ ပန်းဝယ်၍ပေး ရသည်။ သို့သော် တနေ့လျှင် ပန်း လေးသပြာဖိုးသာ ဝယ်ပြီး နေ့စဉ် လေးသပြာ ခိုးယူထားသည်။


သာမာဝတီနှင့်
ခုဇ္ဇုတ္တရာ

ထိုနေ့သည် သုမနပန်းသည်အိမ်၌ ဘုရားရှင်အား ဆွမ်းကျွေးရန် ပင့်ထား၍ ချက်ပြုတ်လုပ်ကိုင်နေကြ၏။

ထိုနေ့ပန်းယူရန်လာသော ခုဇ္ဇုတ္တရာအား သုမနပန်းသည်က—

"ငါသည် မြတ်စွာဘုရားကိုပင့်ထား၏။ ယနေ့ပန်းတို့ကို မြတ်စွာဘုရားအား လှူဦးမည် ခေတ္တနေပါဦး၊ ဆွမ်းကျွေးရာမှာ ကူပြီး တရားနာပြီးမှ ပန်းကိုယူပါတော့"ဟု ပြော၏။

ဤသို့ဖြင့်ခုဇ္ဇုတ္တရာသည် ဝေယျာဝစ္စကုသိုလ်ကိုယူပြီး ဘုရားရှင်၏တရားတော်ကို နာကြားစဉ်ပင် ရှေးရှေးဘဝ များစွာက ဆုပန်ခဲ့သည့်အတိုင်း တရားတော်တွင် ကြည်ညိုသဒ္ဓါပေါက်ပြီး တထိုင်တည်းနှင့်ပင် သောတာပတ္တိဖိုလ်၌တည်လေ၏။

ထို့ကြောင့်လည်း ခါတိုင်း လေးအသပြာဖိုးသာ ဝယ်၍ လေးအသပြာကို မိမိအတွက်ယူခဲ့ရာမှ ထိုနေ့တွင် ပန်းရှစ်သပြာဖိုးစလုံး ဝယ်ယူ၍သွားလေ၏။

## သာမာဝတီမိဖုရားတို့တရားတော်ကို နာကြားကြခြင်း

"အလို ဒီနေ့ပန်းတွေတယ်များပါလား၊ မင်းကြီးကပန်းဖိုးနှစ်ဆတိုးပြီးပေးလိုက်ပြီထင်တယ်"

"မဟုတ်ပေါင်ပါသခင်မ၊ ပေးနေကျရှစ်သပြာပါပဲ၊ ယခင်အခါများက လေးသပြာဖိုးသာဝယ်ယူဆက်သပြီး လေးသပြာကိုကျွန်တော်မျိုးတယူခဲ့ပါသည်"

"ယနေ့တော့ ဘာကြောင့်မယူပါသလဲ"

"ယနေ့ ပန်းဝယ်သွားရာမှာ သုမန ပန်းသည် အိမ်တွင် ဂေါတမမြတ်စွာဘုရားရှင်အား ဆွမ်းကျွေးခိုက်နှင့် ကြုံကြိုက်ပြီး ဂေါတမ မြတ်စွာဘုရား၏ တရားတော်ကို နာကြားရသဖြင့် တရားထူးကိုရလာသောကြောင့် မယူပါ"

သာမာဝတီသည် ခုဇ္ဇုတ္တရာအား ရှေးယခင်က ခိုးယူခဲ့သမျှကို တစုံတရာ အပြစ်မတင်ပဲ ပါရမီဓာတ်ခံ နှိုးဆင့်ဖန်သဖြင့် "ဂေါတမဘုရား" ဟူသောအသံကို ကြားရကတည်းက နှင်းတွေ့သောပန်းကဲ့သို့ နှလုံးသားတွင်အေးမြကြည်လင်၍ဘဝင်ချမ်းမြေ့သည်မျှမက တရားတော်ကိုနာကြားလိုစိတ်ပြင်းပြသည်နှင့်-



"မိခင် ခုဇ္ဇုတ္တရာ၊ မိခင်ကြားနာခဲ့ရသောတရား အမြိုက်အရသာတို့ကို သမီးတို့အား တိုက်ကျွေးပါလော့"ဟုဆို၏။ ခုဇ္ဇုတ္တရာကလည်း "ကောင်းပါပြီ၊ ရေမိုးချိုး အဝတ်အစားလဲပြီး ဟောပါအံ့" ဟုဆို၏။ သာမာဝတီလည်း မောင်းမတို့အား ခုဇ္ဇုတ္တရာကို ရေမိုးချိုး အမွှေးနံ့သာထုံစေပြီး အဝတ်သစ်များကို ထုတ်ပေးဝတ်စေ၍ တထည်ကို လက်ကန်တော့ထိုးထားမြတ်သောနေရာ၌နေစေပြီး တရားတော်ကို နာကြားကြကုန်၏။

## မိခင်အရာ၌ထားရှိခြင်း

ခုဇ္ဇုတ္တရာသည် (ပဋိသမ္ဘိဒါဉာဏ်ကိုရသည့် သေက္ခအရိယာသောတာပန်အရိယာဖြစ်ရကား) သေက္ခပဋိသမ္ဘိဒါဉာဏ်၌တည်၍ သာမာဝတီနှင့် မောင်းမငါးရာတို့ကို တရားဟောလေ၏။ တရားဒေသနာဆုံးသောအခါ သာမာဝတီနှင့် မောင်းမငါးရာတို့သည် သောတာပတ္တိဖိုလ်၌ တည်ကြလေကုန်၏။

ထိုအချိန်မှစ၍ ခုဇ္ဇုတ္တရာအား

"မိခင်၊ ယနေ့မှစ၍ ဝေယျာဝစ္စအလုပ်ကို မလုပ်ပါနှင့်တော့၊ မိခင်အရာ၌တည်၍ မြတ်စွာဘုရား၏ တရားဒေသနာများကို နာကြားပြီး မှတ်သား၍ တဆင့်ပြန်လည် ဟောကြားပါ" ဟု ပြောဆိုကြလေ၏။

ခုဇ္ဇုတ္တရာသည် ထိုအဘိုင်းပင် ပြုလေသော် နောက်အဖို့၌ ပိဋကတ်သုံးပုံကို ဆောင်လေ၏။ ထိုအခါ မြတ်စွာဘုရားသည် "ရဟန်းတို့၊ ငါဘုရား၏ အကြားအမြင်များ၍ ဓမ္မကထိကဖြစ်ကုန်သော တပည့်ဥပါသိကာမတို့တွင် ခုဇ္ဇုတ္တရာသည် အမြတ်ဆုံးတည်း"ဟု တေဒဂ်ထားတော်မူလေ၏။

သာမာဝတီတို့သည် ဘုရားရှင်ကို အလွန်ဖူးမြင်လိုကြ၏၊ မတတ်သာသည့်အဆုံး တိုက်ခန်းနံရံတို့တွင် ဖူးမြင်နိုင်လောက်အောင် ပြတင်းဖောက်၍ ပန်းနံ့သာစသည်တို့ကို ကိုင်ဆောင်ထားကြကာ မြတ်စွာဘုရားနှင့် သံဃာတော်များ သဋ္ဌေးကြီးတို့အိမ်သို့ကြွတော်မူသော် ထိုပြတင်းပေါက်ရာတို့မှ ဖူးမြင်ကြကုန်၏။ လက်အုပ်ချီမိုး ရှိခိုးကြကုန်၏၊ ပူဇော်လည်း ပူဇော်ကြကုန်၏၊ ပြန်ကြွတော်မူလာရာ၌လည်း ဤနည်းပင်ပူဇော်ကြ၏။

ခုဇ္ဇုတ္တရာက ရဟန္တာအရှင်မြတ်များအား ဤသည်ကား ရှင်သာရိပုတ္တရာ၊ ဤသည်ကား ရှင်မောဂ္ဂလာန်၊ ဤသည်ကား အရှင်အာနန္ဒာ စသည်ဖြင့် ညွှန်ပြပြောဆို၏။

သောတာပန် အရိယာများ ဖြစ်ကြသည့်အလျောက် ငါးရာစလုံးပင် ဓမ္မဒါန်းတရားများကို မမေ့မလျော့ အားထုတ်ကြကုန်၏။

## ဆဲရေးကဲ့ရဲ့ခြင်းကို မတုန်လှုပ်နှင့်

မြတ်စွာဘုရားသခင် ကောသမ္ဗီပြည်သို့ ကြွရောက်သီတင်းသုံးသည်ကြားလျှင် မာဂဏ္ဍီသည် မိမိအား ခြေဖျားနှင့်ပင်မတို့လိုဟု ချိုးချိုးဖဲ့ဖဲ့ ပြောခဲ့သောဘုရားရှင်အား အနှောင့်အယှက်ပေးရန်ကြံစည်တော့၏။

ဘထွေးဖြစ်သော စူဠမာဂဏ္ဍီပုဏ္ဏားအားခေါ်၍ ငွေကြေးများပေးပြီး ခိုင်းစေ၏၊ ဘထွေးမာဂဏ္ဍီသည် ကောသမ္ဗီမြို့တွင်းရှိ လူမိုက်လူရမ်းကားများကို စုရုံး၍ ငွေကြေးပေး အရက်တိုက်ပြီး မြတ်စွာဘုရား မြို့တွင်းသို့ ကြွရာအရပ်သို့ တကော


မာဂဏ္ဍီ
အကောက်ကြံ
၇/၃၇

ကောက်စုရုံးလိုက်လာကြပြီး ဆဲရေးတိုင်းထွာကြ၏။ ကဲ့ရဲ့ရှုတ်ချ စကား အော်ဟစ်ပြောကြားကြ၏။

မြတ်စွာဘုရားသခင်သည် မတုန်မလှုပ် ကြွမြဲပင်ကြွ၏။ မခံမရပ်နိုင်သော အရှင်အာနန္ဒာက....

"အရှင်မြတ်ဘုရား၊ ဤအရပ်မှ လူများသည် ရိုင်းစိုင်းယုတ်မာပါသည်၊ ဤအရပ်ကိုရှောင်ခွာ၍ အခြားအရပ်သို့သွားကြပါကုန်အံ့"

"အာနန္ဒာ၊ အခြားအရပ်မှ ဤသို့ ဆဲရေး နှင်ထုတ်သော် အဘယ်အရပ်သို့ သွားကြမည်နည်း"

"ထိုအရပ်မှ အခြားတပါးသို့ သွားကြပါမည်"

"အာနန္ဒာ၊ဤသို့မပြုသင့်ပေ၊ အဓိကရုဏ်းကို ဖြစ်ရာအရပ်၌ အေးငြိမ်းစေပြီးမှ အရပ်တပါးသို့သွားသင့်၏။ အာနန္ဒာ၊ ငါဘုရားသည် စစ်မြေပြင်သို့ သက်ဆင်းသော ဆင်ပြောင်ကြီးနှင့်တူပေ၏။ စစ်မြေပြင်သို့ သက်ဆင်းသော ဆင်ပြောင်ကြီးအား အရပ်လေးမျက်နှာတို့မှ လာကုန်သော မြားတို့ကိုလည်း ခံရန်တာဝန်ရှိ၏။ ထို့အတူ ဒုဿီလပုဂ္ဂိုလ်များတို့ပြောဆိုအပ်သော စကားတို့ကိုသည်းခံခြင်းမည်သည် ငါဘုရား၏တာဝန်ပေတည်း" ဟု မိန့်တော်မူကာ "အဟံနာဂေါ၀သင်္ဂါမေ" စသော နာဂဝဂ်သာ သုံးဂါထာကို ဟောတော်မူလေ၏။



ဤတရားတော်ကို ဟောတော်မူ၍....

"အာနန္ဒာ၊ မစိုးရိမ်လင့်၊ ထိုသူတို့သည် ခုနှစ်ရက်မျှသာ ဆဲရေးနိုင်ကြမည်၊ ခုနှစ်ရက်မြောက်လျှင် အလိုလိုရပ်သွားကြလိမ့်မည်" ဟု မိန့်တော်မူ၏။

ခုနှစ်ရက်ကြာလျှင် လိုက်လံ ဆဲရေးသူတို့သည် အလိုလိုပင် ရပ်စဲသွားကြ၏။

မာဂဏ္ဍီ၏အကြံအစည်ကား မအောင်မြင်ရှာပေ။

## ဥတေနမင်းကို ကုန်းချောခြင်း

သာမာဝတီနှင့် အခြွေအရံ ငါးရာတို့သည် မြတ်စွာဘုရားအား ကြည်ညိုကြသည်ကိုသိ၏။ မိမိ၏ပြာသာဒ်စကြံန်မှ လှမ်း၍ကြည့်သည့်အခါ သာမာဝတီတို့၏ ပြာသာဒ် အိပ်ခန်းတွင် အပေါက်များကို မြင်ရသည်။

ဤ အိပ်ခန်း ပေါက်များမှ မြတ်စွာဘုရားကို ဖူးမြော်ကြသည်၊ ပူဇော်ကြသည်ကို သိရလျှင် ယမ်းပုံမီးကျ ဒေါသပွားတော့သည်။

ဥတေနမင်းအား "သာမာဝတီတို့သည် ယောကျ်ားတပါးနှင့် အချိန်းအချက်ထား ဖောက်ပြားလို၍ အိပ်ခန်းများကို ဖောက်ထားကြပါသည်"ဟု လျှောက်၏။ ဥတေနမင်းက မယုံကြည်၍ ဆိတ်ဆိတ်နေ၏။ ဒုတိယအကြိမ် ထပ်မံပြောပြန်၏။ မယုံကြည်၍ မတုံမလှုပ်နေပြန်၏။ တတိယအကြိမ်ပြောပြန်သော် မင်းကြီးသည် သာမာဝတီ၏ ပြာသာဒ်သို့သွား၏။ အိပ်ခန်းတို့၌ အပေါက်တို့ကိုမြင်လျှင် "ဘာကြောင့် ဖောက်သနည်း" ဟု မေး၏။ သာမာဝတီတို့က ရိုးသားစွာပင်ဖြေ၏။

ဥတေနမင်းသည် ရိုးသားစွာဖြေကြားခြင်းကိုယုံကြည်၏၊ ထိုမောင်းမတို့အား အမျက်မထွက်သဖြင့် တစုံတရာမျှ ပြစ်ဘင်ပြောဆိုခြင်းမရှိပဲ အပေါက်များကိုသာပိတ်စေပြီး အထက်မြင့်ရာ၌ လေသာပေါက်တို့ကိုပြုကုန်၏။

မာဂဏ္ဍီ၏အကြံကား မအောင်မြင်ရှာပေ။

## သာမာဝတီကို ဆက်လက်ကုန်းချောခြင်း

မာဂဏ္ဍီသည် ဘထွေးတော် စူဠမာဂဏ္ဍီအား ကြက်သေ ရှစ်ကောင်၊ ကြက်ရှင်ရှစ်ကောင် ယူ၍လာစေ၏။ မာဂဏ္ဍီသည်

ကြက်အရှင်ရှစ်ကောင်ကို ဥတေနမင်းအား ပုရောဟိတ် ပုဏ္ဏားကြီးက လက်ဆောင်ပို့ဆက်ပါသည်၊ အပ်ပါ၏ဟု လျှောက်၏။ မင်းကြီးလည်း ငါတို့အဘွက် ကောင်းသောဟင်းလျာဖြစ်ပေ၏၊ ဘယ်သူချက်မည်နည်းဟု မိန့်သော် မာဂဏ္ဍီက "အရှင်မင်းကြီး သာမာဝတီကြီးမှူးသော နန်းတွင်းသူ ငါးရာတို့ထံ ပို့စေလျှင် သင့်မည်"ဟု တိုက်တွန်း၏။ ဥတေနသည် ကြက်အရှင်ရှစ်ကောင်ကိုပို့စေ၏။ သာမာဝတီတို့က "ငါတို့သည် သူတပါးအသက်ကို မသတ်ကြပါ"ဟု ကြက်အရှင်များကို ပြန်ပို့စေ၏။

မာဂဏ္ဍီက "အရှင်မင်းမြတ် သိပြီမဟုတ်ပါလား၊ ယခု ထို မိန်းမတို့ သူ့အသက်သတ်မှု ပြု မပြုကို သိရပါစေမည်၊ အရှင်မင်းကြီး ရဟန်းဂေါတမအား ချက်၍ပို့စေ"ဟု ဆိုတော်မူပါဟု လျှောက်၏။

မင်းကြီးသည်း ထိုသို့ဆို၍ ပို့စေပြန်၏။ အလုပ်အကျွေးငယ်လည်း ကြက်ရှင်တို့ကိုယူ၍သွားကာ ကြက်ရှင်တို့အား ပုရောဟိတ်ပုဏ္ဏားအားပေး၍ ကြက်သေတို့ကို သာမာဝတီ၏နန်းတွင်းသူတို့ထံ ယူသွားပြီးလျှင် "ဤကြက်တို့ကိုချက်ပြုတ်၍ မြတ်စွာဘုရားထံပို့ပါကုန်တဲ့"ဟု ဆိုလေ၏။ သာမာဝတီ၏နန်းတွင်းသူတို့သည် "ဤဘာဝန်မျိုးမည်သည် ကျွန်ုပ်တို့တာဝန်ပါ"ဟု ကြိုဆို၍ယူကြ၏။

မင်းကြီးထံရောက်၍ မေးလေသော် "ရဟန်းဂေါတမကို ချက်၍ပို့စေဟု ဆိုသည်နှင့်ပင် ခရီးဦးကြိုဆို၍ ယူသွားကြပါသည်"ဟု လျှောက်၏။

မာဂဏ္ဍီက "မင်းကြီးကိုယ်တွေ့သိရပြီမဟုတ်ပါလော၊ အရှင်မင်းမြတ်အဘွက် မပြုလုပ်ကုန်။ အပြင်အပယောကျ်ားတပါးကို လိုလားမှုရှိပါသည်ဟုပြောသည်ကို အရှင်မင်းကြီးမယုံတကား"

ဟု ဆိုလေ၏။ မင်းကြီးလည်း မယုံကြည်မှု၍ ဆိတ်ဆိတ်သာ နေလေ၏။

မာဂဏ္ဍီသည် ဘယ်သို့ပြုရပါအံ့ဟု အကြံထုတ်ပြန်လေ၏။

## မာဂဏ္ဍီ၏အကောက်ကြံချက်

မာဂဏ္ဍီသည် မကြေမချမ်းဖြစ်နေ၏။

ဥတေနမင်းသည် မိဖုရား သုံးယောက် ရှိ၍ တယောက် တယောက်သော မိဖုရား၏အဆောင်၌ ခုနစ်ရက်စီ ခုနစ်ရက်စီ လှည့်လည်စံမြန်း၏။

မင်းကြီးသည် နက်ဖြန် သာဝတီ သာမာဝတီ အဆောင်သို့ သွားမည်ကိုသိ၍ မာဂဏ္ဍီသည် မိမိ၏ဘထွေးအား မြွေဟောက် ငယ်တကောင်ကို အဆိပ်ကင်းအောင်ပြု၍ယူလာစေ၏။ ဘထွေး ပုဏ္ဏားလည်း ဆိုတိုင်းပို့လိုက်၏။

ဥတေနမင်းသည် မိမိသွားရာသို့ ဟတ္ထိကန္တစောင်းကိုယူသွားလေ့ရှိ၏။ မာဂဏ္ဍီသည် စောင်းအိုး၏အပေါက်မှ မြွေကိုသွင်း၍ အပေါက်ကိုပန်းကုန်းဖြင့်ပိတ်၏။ မြွေသည် နှစ်ရက်သုံးရက် စောင်းအတွင်း၌နေရ၏။

ဥဘေနမင်း ၇ ရက်စေ့၍ သာမာဝတီအဆောင်သို့ ကူးမည် ဟု ဆိုသော် မာဂဏ္ဍီက "အကျွန်ုပ် အိပ်မက်များမကောင်း၍ သာမာဝတီအဆောင်သို့မကူးပါနှင့်"ဟု တား၏။ မရ၊ သုံးကြိမ် တိုင်တား၍မရလျှင်"ကျွန်ုပ်ပါလိုက်မည်"ဟု ဆို၏။ မလိုက်ရန် တားမြစ်သော်လည်း "အကြောင်းကိုမသိနိုင်" ဟု တားမရပဲ မင်းကြီးနှင့်အတူလိုက်၏။ မင်းကြီးသည် သာမာဝတီအဆောင် သို့ ရွှေမှကြွ၏။

မင်းကြီးကို သာမာဝတီက ဆီးကြို၍ သလွန်ပေါ်သို့ ပို့ဆောင်၏။

စောင်းကို သလွန်ခေါင်းရင်း၌ထားကာ လျှောင်းစက်၏။

မာဂဏ္ဍီသည် စောင်းပေါက်ဝတွင်ပိတ်ဆို့ထားသည့် ပန်းကုန်းကို ဖယ်၏။

မြွေဟောက်ငယ်သည် အပေါက်ငယ်မှထွက်၍ တရှူးရှူးဖြင့် ပါးပျဉ်းကိုထောင်ကာ (ပုံ ၃၉) မင်းကြီး၏သလွန်သို့ကူးလာ၏။ မာဂဏ္ဍီသည် ငယ်သံပါအောင်အော်ဟစ်ပြီး မင်းကြီးကို



အတင်းဆွဲဖယ်၏။ မင်းကြီးသည် မြေပြောက်ကိုမြင်လျှင် ထိတ်လန့်တုန်လှုပ်သွား၏။ မာဂဏ္ဍီသည် သာမာဝတီနှင့် မောင်းမတို့အား အမျိုးမျိုးစွတ်စွဲပြောဆို ငိုယိုကြိမ်းမောင်း၏။

ဤတကြိမ်သည် မာဂဏ္ဍီ၏အကြံအောင်သွား၏။

## မေတ္တာစာတ်၏ တန်ခိုးတော်

မင်းကြီးမှာ ဤတကြိမ် ဒေါသမီး ဟုန်းဟုန်းတောက်တော့သည်။ ချက်ချင်းပင် သာမာဝတီနှင့် မောင်းမငါးရာတို့အား ကြိုးတုပ်ဖမ်းဆီးစေ၏။

နန်းရင်ပြင်သို့ထုတ်ကာ ငါကိုယ်တိုင် လေးနှင့် ခွင်းမည်ဟု အမိန့်ချမှတ်လိုက်၏။

သာမာဝတီက အဖော်မိန်းမတို့အား....

"မင်းကြီးသည် ငါတို့အား သတ်တော့မည်ဖြစ်၏၊ ငါတို့အား တပါးသော ကိုးကွယ်ရာမရှိတော့ပြီ၊ မာဂဏ္ဍီအပေါ်တွင်လည်းကောင်း၊ မင်းကြီးအပေါ်တွင်လည်းကောင်း စိုးစဉ်းမျှအမျက်မထွက်ကြကုန်လင့်၊ မိမိကံ၏စီမံရာသာဖြစ်ကြရမည်၊ မင်းကြီးအပေါ်၌လည်းကောင်း၊ မာဂဏ္ဍီအပေါ်၌လည်းကောင်း၊ မိမိကိုယ်၌လည်းကောင်း အညီအမျှပင် မေတ္တာစိတ်ကိုပွားများကြလော့၊ တစုံတဦးအားမျှ ဒေါသကို မဖြစ်ပါစေလင့်" ဟု တရားအချက်ပေး၏။

မင်းကြီးသည် နန်းရင်ပြင်၌ သာမာဝတီကို ရှေ့ဆုံးမှနေစေပြီး အဖော်ငါးရာတို့ကို အစဉ်အလိုက် တန်းစေပြီး ဗိုလ်ခြေတထောင်အားရှိသော လေးကြီးကိုစွဲကိုင်၍ လေးညှို့ကို ဆန့်လျက် အဆိပ်လူးသောမြှားကိုတပ်၏။

မြားသာချောင်းတည်းနှင့် မိန်းမငါးရာစလုံးသေစေနိုင်၏။
သာမာဝတီတို့သည် မင်းကြီးအားစူးစိုက်၍ မေတ္တာစိတ်ကို ဖြန့်ကြလေ၏။
မင်းကြီးသည် မြားကိုပစ်လွှတ်၏၊ မြားသည် သာမာဝတီ၏ မေတ္တာအာနုဘော်ကြောင့် ပြန်လည်၍ လာလမ်းသို့ဦးတည်ကာ (ပုံ ၄၀) မင်းကြီး၏အသည်းနှလုံးသို့ ဝင်အံ့ကဲ့သို့ ဖြစ်လေ၏။
မင်းကြီးသည် ငါပစ်သောမြားသည် ကျောက်တောင်ကိုပင်



ထုတ်ချင်းဖောက်၍ သွား၏။ (သာမာဝတီနှင့် ငါ့အကြား) ဟင်းလင်းပြင်၌ အတားအဆီးမရှိပါပဲလျက် ဤမြားသည် ငါ့အသည်းနှလုံးသို့ ရှေ့ရှုခဲ့၏၊ အသက်ထင်းမဲ့သော ဤမြားသည်ပင် သာမာဝတီ၏ဂုဏ်ကျေးဇူးကိုသိသေး၏၊ ငါကား လူဖြစ်လျက် မသိတတ်လေတကားဟု စဉ်းစား၍ နောင်တရလေဘော့၏။

## ဥတေနမင်း သာသနာတော်၌ တည်တော်မူခြင်း

ဥတေနမင်းကြီးသည် လေးကို စွန့်ပစ်လိုက်ပြီး လက်အုပ်ချီလျက် သာမာဝတီ၏ခြေရင်းတွင် ဆောင့်ကြောင့်ထိုင်တာ....

"သာမာဝတီရှင်မိဖုရား၊ မိုက်မဲမိ အလွန်မိုက်မဲမိပါ၏၊ သင်မိဖုရား ငါ့ကိုစောင့်ရှောက်ပါလော့၊ ငါကိုးကွယ်ဆည်းကပ်ပါ၏"ဟု ဆိုလေ၏။

သာမာဝတီက "အကျွန်ုပ်ကို မကိုးကွယ်မဆည်းကပ်ပါနှင့်၊ အကျွန်ုပ်၏ မြတ်စွာဘုရားကိုသာ ကိုးကွယ်ဆည်းကပ်တော်မူပါ၊ ထိုမြတ်စွာဘုရားသည် သတ္တဝါလေးပါးကိုသိတော်မူပါ၏။ အတုမရှိ မြင့်မြတ်တော်မူ၏၊ ထိုမြတ်စွာဘုရားကိုသာ ကိုးကွယ်ဆည်းကပ်တော်မူပါ၊ သင်မင်းကြီးသည် အကျွန်ုပ်၏ကိုးကွယ်ရာဖြစ်ပါ၏"ဟု ဆိုလေ၏။ မင်းကြီးလည်း ထပ်မံတောင်းပန်ပြန်၏။ သာမာဝတီ ရှေးနည်းဖြင့် ပယ်လှန်ပြောဆိုသော် "သို့ဖြစ်လျှင်-သင့်ကိုလည်း ကိုးကွယ်ဆည်းကပ်ပါ၏၊ မြတ်စွာဘုရားကိုလည်း ကိုးကွယ်ဆည်းကပ်ပါ၏၊ ဆုကိုလည်း ပေးပါ၏"ဟု ဆိုသော်-

"အရှင်မင်းကြီး ရှိပါစေဘော့၊ ဆုကိုယူပါ၏"ဟု ဆိုလေ၏။

ဥတေနမင်းကြီးသည် မြတ်စွာဘုရားကို သွားရောက်ပင့်ဆောင်ကာ ဘုရားအမှူးရှိသော သံဃာတို့အား ခုနစ်ရက်ပတ်လုံး အလှူကြီးကိုပေး၏၊ သာမာဝတီအားလည်း ဆုကိုယူလော့ဟုဆို၏။

"အရှင်မင်းကြီး ရွှေငွေစသောဆုကို အလိုမရှိပါ၊ မြတ်စွာဘုရားသည် ရဟန်းသံဃာငါးရာနှင့် ဤနန်းတော်သို့ မပြတ်ကြွလာတော်မူ၍ တရားတော်ကို နာကြားရအောင်သာပြုပေးပါ" ဟုတောင်းဆို၏။ ဥတေနမင်းကြီးသည် မြတ်စွာဘုရားကိုရှိခိုး၍ ပင့်လျှောက်လေသော် မြတ်စွာဘုရားက "တကာတော်မင်းကြီး မြတ်စွာဘုရားတို့မည်သည် တနေရာတည်း၌ မပြတ်ကြွရန်မသင့်ချေ၊ လူအပေါင်းတို့သည် မြတ်စွာဘုရားကြွလာရန် မြော်သင့်ကြကုန်၏" ဟု မိန့်တော်မူ၏။

မင်းကြီးက ထိုသို့ဖြစ်လျှင် ရဟန်းတော်တပါးကို စေလွှတ်တော်မူပါဟု လျှောက်ထားလျှင် မြတ်စွာဘုရားသည် အရှင်အာနန္ဒာမထေရ်ကို စေလွှတ်တော်မူ၏။

## သက်နိုးများကို အဘယ်သို့အသုံးချသနည်း

အရှင်အာနန္ဒာသည် သာမာဝတီတို့ ပြာသာဒ်သို့ ရဟန်းငါးရာနှင့် မပြတ်ကြွ၏။

သာမာဝတီနှင့် အဖော်ငါးရာတို့သည် အရှင်အာနန္ဒာနှင့်ရဟန်းတော်တို့အား ဆွမ်းလုပ်ကျွေးကြကုန်၏၊ တနေ့၌ တရားတော်ကိုကြည်ညိုလှသဖြင့် မိမိတို့ဝတ်ဆင်သည့် အပေါ်ရုံငါးရာတို့ကို လှူဒါန်းကြ၏၊ အပေါ်ရုံတထည်လျှင် အသပြာငါးရာအဖိုးထိုက်၏။

နန်းတွင်းသူတို့ အပေါ်ရုံအဝတ်များ ဝတ်ဆင်ကြသည်ကို မမြင်ရ၍ မင်းကြီးကမေး၏၊ အရှင်အာနန္ဒာကို ငါးရာစလုံး လှူဒါန်းလိုက်ကြောင်းကို ပြောကြားကြ၏။

ဥတေနမင်းသည် အဓိပ္ပါယ်မရှင်းမလင်းဖြစ်နေ၏။ အရှင်အာနန္ဒာကြွလာလျှင် ဥတေနမင်းက မေးလျှောက်၏၊ အရှင်အာနန္ဒာက ဟုတ်မှန်ကြောင်းဖြေကြားလျှင် မင်းကြီးက တအံ့တသြဖြင့်...

"အရှင်ဘုရားတို့သည် ဤမျှများပြားသော အဝတ်တို့ကို အဘယ်သို့ပြုပါသလဲဘုရား"

"ငါတို့အတွက်လုံလောက်ရုံမျှသာယူ၍ ကျန်သမျှကိုသင်္ကန်း ဟောင်းနွမ်းသောရဟန်းတို့အားပေး၏"

"ခံယူရရှိသောရဟန်းသည် မိမိ၏ဟောင်းနွမ်းသောသင်္ကန်း ကို အဘယ်သို့အသုံးချပါသနည်းဘုရား"

"ဟောင်းနွမ်းသော သင်္ကန်းတို့ကို သင်္ကန်းဆွေးမြေ့နေ သည့် ရဟန်းတို့အား လှူဒါန်းကြပါ၏"

"ဆွေးမြေ့သောသင်္ကန်းကို မည်သို့ပြုပါသနည်း"

"အိပ်ရာခင်းစသည်ပြုလုပ်ပါ၏"

"အိပ်ယာခင်းအဟောင်းတို့ကို မည်သို့ပြုပါသနည်း"

"ဟောင်းလွန်းသော အိပ်ယာခင်းတို့ကို မြေအခင်းအဖြစ် အသုံးပြုကြ၏"

"မြေအခင်းအဟောင်းတို့ကို မည်သို့ပြုပါသနည်း"

"ခြေသုတ်အဝတ်အဖြစ် အသုံးပြုကြ၏"

"ခြေသုတ်အဝတ်ဟောင်းလျှင် မည်သို့ပြုပါသနည်း"

"နုတ်နုတ်စင်း၍ ရွှံ့မြေနှင့်နယ်ကာနံရံတို့ကိုလိမ်းကျံကြ၏"

ဥတေနမင်းသည် များစွာ ကြည်နူးဝမ်းမြောက် လှသဖြင့် အခြားသော အဝတ်ငါးရာတို့ကိုယူပြီး အရှင်အာနန္ဒာ မထေရ်၏ခြေရင်း၌ပုံထား ထပ်မံလှူဒါန်းပြန်၏။

## သာမာဝတီနှင့် မောင်းမငါးရာ မီးလောင်တိုက် အသွင်းခံရခြင်း

မာဂဏ္ဍီသည် မိမိအကြံဆိုး ရှုံးရပြီဖြစ်၍ အဆိုးတိုင်သော အကြံကို ကြံစည်ပြန်၏။

မင်းကြီး တောကစားထွက်ခိုက်တွင် ဘထွေးတော်ထံသို့ သာမာဝတီပြာသာဒ်သို့သွား၍ အထည်တိုက်နှင့် ဆီတိုက်တို့ကို ဖွင့်ထား အထည်တို့ကိုဆီအိုးတို့၌စိမ်၍ တိုင်တို့ကိုရစ်ပတ်ပြီးသော် သာမာဝတီနှင့် နန်းတွင်းသူတို့အား တစုတည်းနေစေ၍ အခန်း တံခါးကိုပိတ်ပြီး ပြာသာဒ်ကိုမီးရှို့ရန် မှာကြား၏၊ ဘထွေး ပုဏ္ဏားသည် မာဂဏ္ဍီမှာတိုင်းလုပ်သော် သာမာဝတီတို့ထံမေး ၏၊ ပုဏ္ဏားက မင်းကြီးအခိုင်ခန့်ရန် တိုင်တို့ကို ဆီဝတ်ဖြင့်ပတ် ခိုင်းပါ၏၊ အရှင်မတို့တိုက်ခန်းတွင်းတွင် နေတော်မူပါဟု တိုက် ခန်းတွင်းသွင်း တံခါးပိတ်လျက် မီးတိုက်လေ၏။

သာမာဝတီနှင့်မောင်းမငါးရာတို့သည်ပြာသာဒ်ကိုမီးလောင် ၍ ထွက်ပေါက်မရှိသည်ကိုမြင်သောအခါ သာမာဝတီက....

"ရှင်မတို့ ငါတို့သည် အစမထင်သောသံသရာ၌ အကြိမ် များစွာ မီးလောင်၍သေခဲ့ရသော ဘဝပေါင်းမှာ မရေတွက်နိုင် ခဲ့ကုန်၊ မမေ့မလျော့ကြကုန်လင့်"ဟု သတိပေး၍ ပူလောင် သော ဝေဒနာကို လက္ခဏာယာဉ်တင်၍ စီးဖြန်းကြကုန်၏။

(ပုံ ၄၁) အချို့ဒုတိယဖိုလ် သကဒါဂါမိ် အချို့ တတိယဖိုလ် အနာဂါမိ်သို့ ရောက်ကြ၏၊ ပြာသာဒ်သည် သာမာဝတီနှင့် အဖော်ငါးရာတို့ကိုပါ အဆုံးစွန်မီးကျွမ်းခြင်းသို့ ရောက်၏။

မင်းကြီးသည် သာမာဝတီတို့နှင့်တကွပြာသာဒ်ကိုမီးလောင်ကြောင်း သတင်းကြားရလျှင် အလျင်အမြန် ပြန်လာသော်လည်း မဆယ်နိုင်တော့ချေ၊ မီးကျွမ်းပြီးချေပြီ။



၇/၄၁

## တရားဒေသနာတော်

ထိုအခါ များစွာသောရဟန်းတို့သည် ဆွမ်းစားပြီး ဆွမ်းခံ ရွာမှကြွလာကြ၍ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး သင့်ရာ၌ရှိခိုး ထိုင်နေကြပြီး မြတ်စွာဘုရားအား သာမာဝတီနှင့် မောင်းမငါး ရာတို့၏လွှားရာဂတိကို မေးလျှောက်ကြရာ မြတ်စွာဘုရားက....

ရဟန်းတို့။ ဤဥပါသိကာမတို့တွင် သောတာပန်သည်းရှိကုန် ၏။ သကဒါဂါမ်လည်းရှိကြကုန်၏၊ အနာဂါမ်တို့လည်းရှိကုန် ၏၊ အားလုံးတို့သည် အကျိုးမဲ့ကွယ်လွန်ရသည်မဟုတ်ဟု မိန့် တော်မူပြီး။

"မောဟ ဖွဲ့နှောင်ခြင်းဖြင့် ဤလောကသည် တင့်တယ် သယောင်ထင်ရ၏။ ကိလေသာဖွဲ့နှောင် အမိုက်ကောင်သည် အမှောင်ခြံရံထား၍ မြဲမြံသယောင်ထင်ရ၏၊ ဉာဏ်ဖြင့်ရှုသူ အား စိုးရိမ်မှုမရှိလေတကား"ဟု ဥဒါန်းစကားကျူးရင့်တော် မူပြီး....

"ရဟန်းတို့၊ သတ္တဝါတို့မည်သည် ဝဋ်၌ကျင်လည်ကုန်လျက် အမြဲမပြတ် မမေ့မလျော့ဖြစ်၍ အမြဲသာ ကောင်းမှုကိုပြုခဲ့သည် မဟုတ်၊ မကောင်းမှုလည်းပြုခဲ့ကြသေး၏၊ ထို့ကြောင့် ဝဋ်၌ ကျင်လည်ရာတွင် ချမ်းသာကိုလည်း ခံစားရ၏၊ ဆင်းရဲကိုလည်း ခံစားရ၏"ဟု တရားဒေသနာတော်ကို ဟောတော်မူ၏။

(မှန်၏။ ။သံသရာအဆက်ဆက် ကျင်လည်ခဲ့ကြရာတွင် အမြဲမပြတ် မမေ့မလျော့၊ ကောင်းမှုကိုသာပြုခဲ့ ကြသည်မဟုတ်၊ မကောင်းမှုကိုလည်း ပြုမိကြ သေး၏။ ထို့ကြောင့် သံသရာတလျှောက် ဖြစ်

လေရာတွင် ချမ်းသာကိုခံစားရသလို ဆင်းရဲကို
လည်း ခံစားရသေး၏။ ။ဤကားဒေသနာ
ဘော်၏မှတ်ချက်)

## မာဂဏ္ဍီတို့အား ဆုကြီးလာဘ်ကြီးများ ပေးရန်ခေါ်ခြင်း

ဥတေနမင်းသည် သာမာဝတီတို့၏ ဂုဏ်ကျေးဇူးကိုဆင်ခြင်ပြီး များစွာနှလုံးမသာမယာဖြစ်လျက် လက်သည်မှာ မာဂဏ္ဍီဖြစ်မည်ဟု စဉ်းစားမိ၏၊ ခြောက်လှန့်၍မေးလျှင် မရမည်ကို သိ၏။

နောက်တနေ့တွင် မင်းကြီးက အမတ်တို့အား သာမာဝတီတို့သည် ငါ့အသက်ကိုအကြိမ်ကြိမ် ကြံစည်ကြသည်၊ ငါ့တွင် အထိတ်တလန့်နှင့်နေရသည်၊ ယခုမှအိပ်ကောင်းခြင်း အိပ်ရပေတော့မည်၊ မီးရှို့သူများကိုပင် ကျေးဇူးတင်ရပေတော့မည်ဟု ဆို၏။

မာဂဏ္ဍီသည် ထိုစကားကိုကြားလျှင် ဝမ်းမြောက်ဝမ်းသာပင်၊ "ဤသည်မှာ ဘုရားကျွန်မ အကြံအစည် ဖြစ်ပါသည်၊ ဘုထွေးတော်ကို အမိန့်ပေး၍ခိုင်းခဲ့ပါသည်" ဟု ပြော၏။

မင်းကြီးက အားရဝမ်းသာဟန်နှင့် "မာဂဏ္ဍီမိဖုရားမှလွဲ၍ ငါ့အပေါ်တွင် ချစ်ခင်သူမရှိ၊ ဆုပေးမည်" ဟုဆို၏။ မာဂဏ္ဍီလည်း "ဆွေမျိုးတို့ လာကြကုန်" ဟုခေါ်၏၊ မင်းကြီးလည်း လာတိုင်းသောဆွေမျိုးတို့အား ဆုလာဘ်များစွာချီးမြှင့်၏။

ဆုကြီးလာဘ်ကြီးများ ချီးမြှင့်သည်ကြားသော် ဆွေနီးမျိုးစပ်များပင် လာရောက်စာရင်းပေးကြကုန်၏။

နောက်ဆုံးတွင် ဆုယူသူတဆွေလုံးတမျိုးလုံးကို ဖမ်းဆီးပြီး နန်းရင်ပြင်၌ မြေတွင်းကိုတူးစေပြီး ချက်အထိမြှုပ်ကာ အမှိုက်ဆောက်ရိုးတို့ကိုပုံပြီး မီးရှို့စေ၏၊ အသားအရေတို့ကိုမီးလောင်စေပြီးနောက် သံထွန်သွားဖြင့်ကိုယ်ကို အပိုင်းပိုင်း ဖြစ်စေကုန်၏။

အလှဘုရင် မာဂဏ္ဍီကိုကား ဆူပြိုးရာအသားတို့ကို ခေါးပါးပါးနှင့် နည်းနည်းစီလှီးဖြတ်၍ ကြော်စေပြီးထိုကြော်ပြီးသောအသားစကိုပင် မာဂဏ္ဍီအားစားစေ၏။

## သာမာဝတီ၏ဝင်္ကြွေး

တရားသဘင်၌ရဟန်းတို့သည် "ငါ့ရှင်တို့၊ ဤသို့သဒ္ဓါတရားနှင့်ပြည့်စုံသော သာမာဝတီမိဖုရားကြီးနှင့် မောင်းမငါးရာတို့ပြာသာဒ်မီးလောင်၍သေဆုံးရခြင်းမှာ မသင့်တကား"ဟုစကားဖြစ်စေရာ၊ မြတ်စွာဘုရားကြွလာလျှင် "ရဟန်းတို့ ယခုအဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်း" ဟု မေးတော်မူ၏။

ရဟန်းတို့က မြတ်စွာဘုရားအား လျှောက်ထားလေလျှင် မြတ်စွာဘုရားသခင်သည် ဤသို့ မိန့်တော်မူ၏။

ရဟန်းတို့။ ။"ဤဘဝ၌ကိုယ်ဖြင့် သာမာဝတီအမှူးရှိသော မိန်းမတို့သေရခြင်းသည် မသင့်လျော်ပေ၊ သို့သော် ရှေးကပြုခဲ့သောကံအားဖြင့်မူကား သင့်လျော်သော သေခြင်းကို ထိုမိန်းမတို့ရခြင်းသာဖြစ်၏" ဟု မိန့်ဆိုတော်မူသဖြင့် ရဟန်းတို့က ထိုမိန်းမတို့၏ရှေးကံကို ဟောကြားတော်မူပါဟု လျှောက်ထားကြလေသဖြင့် ဟောကြားတော်မူသည်ကား....

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ် အရှင်ပစ္စေကဗုဒ္ဓါ ရှစ်ပါးတို့သည် နန်းတော်တွင်း၌ ဆွမ်းဘုဉ်းပေးကြ၏။ နန်းတွင်းသူငါးရာက ဆွမ်းလုပ်ကျွေးကြ၏၊ အရှင်ပစ္စေကဗုဒ္ဓါရှစ်ပါးအနက် ခုနစ်ပါးမှာ ဟိမဝန္တာသို့ ပြန်လည်ကြွသွားကြ၏၊ တပါးမှာ မြစ်ထမ်းရှိ မြက်ချုံကြီးတခု တွင်း၌ နိရောဓသမာပတ်ဝင်စား၍ ကျန်ခဲ့၏။

နောက်တနေ့တွင် မင်းကြီးသည် မြစ်ဆိပ်သို့ ရေသဘင် ထာစားရန် အခြံအရံများနှင့်ထွက်တော်မူ၏၊ နန်းတွင်းသူတို့သည် တနေ့လုံး ရေကစား၍ ချမ်းလှသဖြင့် မီးလှုံရန်တိုင်ပင်ကြပြီး မြက်ချုံကြီးကိုတွေ့သဖြင့် နေရာကျလှပြီဟု မြက်ချုံကို မြက်ပုံ ကြီးအသွင်ထင်၍ မီးရှို့ပြီး မီးလှုံကြ၏၊ မြက်တို့ ကျ၍ ကုန် သာမှ အရှင်ပစ္စေကဗုဒ္ဓါကိုမြင်သဖြင့် "ငါတို့ ဒုက္ခ ရောက်ကြပြီ၊ အရှင်မင်းကြီး၏ ပစ္စေကဗုဒ္ဓါ မီးလောင်ကျွမ်းလေပြီ၊ မင်းကြီး သိလျှင် ငါတို့သေရဘော့မည်၊ အရှင်ပစ္စေကဗုဒ္ဓါအလောင်းကို လက်စတုံးအောင်လုပ်ကြစို့"ဟု တိုင်ပင်၍ ထိုမောင်းမငါးရာ တို့သည် ထင်းတို့ကိုရှာဖွေသယ်ယူကြပြီး ပစ္စေကဗုဒ္ဓါ၏ ကိုယ် တော်ပေါ်၌ ထင်းတို့ကိုစုပုံပြီး ထင်းပုံကြီး ဖြစ်သောအခါ မီးရှို့၍"ယခုမှ လက်စတုံးပျောက်သွားလေပြီ"ဟု ဆိုကာ ဖယ် ခွာသွားကြ၏။

အရှင်ပစ္စေကဗုဒ္ဓါသည် ခုနစ်ရက်မြောက်တွင် သမာပတ်မှ ထ၍ ချမ်းသာရာသို့ ကြွတော်မူ၏။

ထိုမောင်းမငါးရာတို့သည် ပထမတွင် စေတနာမပါ၍ ကံမ ထိုက်သော်လည်း နောက်တခါ်န်တွင် စေတနာနှင့်တကွ ဖြစ်၍

ကံထိုက်လေ၏။ ထိုမောင်းမငါးရာတို့သည် ထိုအကုသိုလ်ကံကို ပြုခဲ့မိသဖြင့် နှစ် သိန်းပေါင်းများစွာ ငရဲသို့ကျခဲ့ရ၍ ထိုကံ၏ အကျိုးကြွင်းဖြင့် ဘဝပေါင်းတရာတိုင်တိုင် ဤနည်းဖြင့်သာလျှင် မီးလောင်ရာ၌ မီးလောင်ခံသေဆုံးခဲ့ကြရသည်။

အရှင်ပစ္စေကဗုဒ္ဓါကိုကား သမာပတ်အတွင်း၌ လှည်းပေါင်းတထောင်ဖြင့် ထင်းတို့ကိုဆောင်ယူပြီး မီးတိုက်သော်လည်း မီးငွေ့သင့်ရုံမျှပင်မပြုနိုင်ပေဟူ၍ ဟောတော်မူ၏။

## ခုဇ္ဇုတ္တရာ၏ အတိတ်ဝတ္ထုစကြား

ဤသို့ ဟောတော်မူပြီးသော် ရဟန်းတို့က ခုဇ္ဇုတ္တရာ၏ အကြောင်းကို အဘယ်ကံကြောင့်ခါးကုန်းရပါသနည်း၊ အဘယ်ကံကြောင့် ဉာဏ်ပညာ ကြီးရပါသနည်း၊ အဘယ်ကံကြောင့် သောတာပတ္တိဖိုလ်သို့ ရောက်ရပါသနည်း၊ အဘယ်ကံကြောင့် သူတပါးတို့၏ အစေခံကျွန် ဖြစ်ရပါသနည်းဟူ၍ မေးလျှောက်ကြ၏။ မြတ်စွာဘုရားသခင်က-

"ရဟန်းတို့၊ ဗြဟ္မဒတ်မင်းသည်ပင် ဗာရာဏသီပြည်၌ မင်းပြုစဉ်မှာ အရှင်ပစ္စေကဗုဒ္ဓါတပါးသည် အနည်းငယ်ခါးကုန်း၏။ ထိုအခါ အရှင်ပစ္စေကဗုဒ္ဓါအား အလုပ်အကျွေး ပြုနေသောနန်းတွင်းသူ တယောက်သည် ငါတို့အရှင် ပစ္စေကဗုဒ္ဓါသည် ဤသို့ ဤပုံ ကြွတော်မူ၏ဟု ပြက်ရယ်ပြောင်လှောင်၍ ကုန်းကွသောအမူအရာဖြင့် သွား၍ ပြ၏၊ ထိုအကုသိုလ်ကံအကျိုးဆက်ကြောင့် ခါးကုန်းခြင်းဖြစ်၏။

ထိုအရှင်ပစ္စေကဗုဒ္ဓါရှစ်ပါးတို့ကို နန်းတော်တွင် သီတင်းသုံးစေ၍ သပိတ်တို့တွင် နို့ ဂဏာဖြင့်အပြည့်ထည့်၍ပေးလျှင်၊ သပိတ်တို့ပူလွန်း၍ အရှင်မြတ်တို့သည် လက်ပြောင်း၍ ပြောင်း၍ခံယူခြင်းပြုတော်မူကြသည်ကိုမြင်လျှင်၊ ခုဇ္ဇုတ္တရာအလောင်း အမျိုးသမီးသည် "မိမိ၏ဆင်စွယ်လက်ကောက်ရှစ်ကွင်းကိုချွတ်၍ အရှင်မြတ်တို့ကိုဆက်ကပ်ပြီး၊" ဤလက်ကောက်တို့ကို အောက်ခံထား၍ ခံယူတော်မူကြပါဘုရား" ဟု လျှောက်ထား၏။ ထို့နောက် "အကျွန်ုပ်သည် ဤလက်ကောက်တို့ကိုအလိုမရှိပါ၊ အရှင်ဘုရားတို့အားသာ လှူပါ၏ဘုရား၊ ဆောင်ယူ၍ကြွတော်မူကြပါ" ဟု လျှောက်ထားလေ၏။ အရှင်မြတ်တို့သည် ယူဆောင်၍ နန္ဒမူလိုဏ်သို့ကြွတော်မူကြကုန်၏။

ယနေ့တိုင်အောင် ထိုသပိတ်ခြေ လက်ကောက်တို့သည် မပျက်မစီးသေးပေ၊ ဤသပိတ်ခြေလှူသော ကံအကျိုးဆက်ကြောင့် ပိဋကတ်သုံးပုံဆောင်နိုင်ခြင်း၊ ပညာကြီးခြင်းဖြစ်ရလေ၏။

အရှင်ပစ္စေကဗုဒ္ဓါအား အလုပ်အကျွေးပြုသော ကံအကျိုးဆက်ကြောင့် သောတာပတ္တိဖိုလ်သို့ ရောက်ရလေ၏။ (ဤကား ခုဇ္ဇုတ္တရာ၏ဘုရားနှစ်ဆူအကြား ဗုဒ္ဓန္တရ ကာလ၌ ပြုသောကံပေတည်း။)

ကဿပဘုရား ပွင့်တော်မူသောကာလ၌ ခုဇ္ဇုတ္တရာသည် ဗာရာဏသီသဌေးသမီးဖြစ်၏၊ မွန်းလွဲချိန်၌ ကြေးမုံ(မှန်)ဖြင့် မိမိကိုယ်ကို အလှပြင်နေခိုက် ရဟန္တာမဘိဉ်းကြွလာစဉ်ကြုံ၍ အလှပြင်သေတ္တာကို လှမ်း၍ ယူပေးပါဟု ခိုင်း၏။ ရဟန္တာမသည် ဤသဌေးသမီးကို ငါလှမ်းယူ၍ မပေးခဲ့သော် ငါ့အပေါ်၌ ဒေါသပွား၍ ငရဲကျတော့အံ့၊ ယူပေးလျှင် နောင်ကာလ၌ အစေခံကျွန်မဖြစ်လတံ့၊ ငရဲ၌ကျသည်ထက် အစေခံကျွန်မဖြစ်

သည်က တော်သေး၏ဟု ကြံ၍ အလှုပြင်သေတ္တာကို ယူ၍ ပေးလေ၏။ ထိုအကျိုးဆက်ကြောင့် ဒုဗ္ဗုတ္တဆွာသည် ယခုဘဝအဆဲ ခံကျွန်ဘဝ၌ ဖြစ်ရလေ၏ဟု ဟောတော်မူလေ၏။

## ဓမ္မပဒ ဒေသနာတော်

တနေ့တွင် ရဟန်းတို့သည် သာမာဝတီနှင့် မောင်းမငါးရာ တို့၏အကြောင်းကိုလည်းကောင်း၊ မာဂဏ္ဍီ၏ ဆွေမျိုးနှင့် မာဂဏ္ဍီ၏အကြောင်းကိုလည်းကောင်း စကားစပ်၍ပြောကြရာ-

မြတ်စွာဘုရားက-

"ရဟန်းတို့။ ။မေ့မေ့လျော့လျော့ နေသော သူတို့သည် အသက်တရာရှည်သော်လည်း သေသည်မည်ကုန်၏"

"မမေ့လျော့သောသူတို့သည် သေလွန်သော်လည်း အသက်ရှည်သည်မည်ကုန်၏"

ထို့ကြောင့်မာဂဏ္ဍီသည် ရှင်သော်လည်း သေသည်မည်၏။

သာမာဝတီအမှူးရှိသော နန်းတွင်းသူငါးရာတို့သည် သေလွန်ကြသော်လည်း ရှင်သည်သာမည်ကုန်၏။

ရဟန်းတို့။ မှန်၏၊ မမေ့လျော့သောသူတို့သည် မသေသော သူမည်ကုန်၏၊ ဟူ၍မိန့်တော်မူပြီး ဒေသနာတော်ကိုဟောကြားတော်မူသည်တား။

၁။ အပ္ပမာဒေါအမတံပဒံ၊ ပမာဒေါ မစ္စုနော ပဒံ။
အပ္ပမတ္တာန မီယန္တိ၊ ယေပမတ္တာ ယထာမတာ။

၂။ ဧတံ ဝိသေသတော ဉတွာ၊ အပ္ပမာဒမှိ ပဏ္ဍိတာ။
အပ္ပမာဒေ ပမောဒန္တိ၊ အရိယာနံ ဂေါစရေရတာ။

၃။ တေ ဈာယိနော သာတတိကာ၊ နိစ္စံ ဒဠှ ပရက္ကမာ။
ဖုသန္တိဓီရာနိဗ္ဗာနံ၊ ယောဂက္ခေမံ၊ အနုတ္တရံ။

(၁) မမေ့လျော့ခြင်းသည် နိဗ္ဗာန်၏ အကြောင်းတည်း။ မေ့လျော့ခြင်းသည် သေခြင်း၏အကြောင်းတည်း။ မမေ့လျော့သောသူတို့သည် သေသည်မမည်ကုန်၊ မေ့လျော့သောသူတို့သည် သေသည်မည်ကုန်၏။

(၂) မမေ့မလျော့သောသူတို့သည် ဤသို့ထူးခြားကြောင်းကိုသိ၍ မမေ့လျော့သော သတိတရား၌ ရွှင်လန်းဝမ်းမြောက်ကုန်လျက်၊ အရိယာတို့၏ ကျက်စားရာ လောကုတ္တရာတရားကိုးပါး၌ မွေ့လျော်ကြကုန်၏။

(၃) ထိုပညာရှိတို့သည် (သမထဝိပဿနာ ဈာန်နှစ်ပါးဖြင့် ကိလေသာကို) ရှု့မြိုက်ကုန်ပြီးလျှင် အမြဲမပြတ်လုံ့လပြုကုန်၍ မတွန့်မဆုတ် လုံ့လထုတ်လျက် ယောဂလေးပါးတို့၏ ကင်းရာအတုမရှိ မြတ်သောနိဗ္ဗာန်သို့ ရောက်ကြကုန်၏။ ။

## တေဒဂ်ဘွဲ့ပေးအပ်ပွဲကြီး

ထိုနောက်တွင် မြတ်စွာဘုရားသခင်သည် ဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံး နေထိုင်တော်မူလျက် ဥပါသိကာတို့ကို အစဉ်အတိုင်း တေဒဂ်ရာထူး၌ ထားတော်မူရာတွင်....

ခုဇ္ဇုတ္တရာ အရှင်မကို

"ရဟန်းတို့ ။ အကြားအမြင် ဗဟုသုတ များကြသည့် ငါ့ဘုရား၏တပည့်မ၊ သာဝိကာဥပါသိကာတို့တွင် ခုဇ္ဇုတ္တရာသည် ဥပါသိကာတို့တွင် အသာဆုံးအမြတ်ဆုံးဖြစ်ပေ၏" ဟုချီးကျူးမိန့်မြွက်တော်မူကာ....

"ဗဟုသုတ အကြားအမြင်များသောအရာဝယ်" တေဒဂ်ရာထူး၌ ထားတော်မူလေသည်။

ထိုသို့မြတ်စွာဘုရားက တေဒဂ်ရာထူး၌ ထားတော်မူအပ်သော(သေက္ခပဋိသမ္ဘိဒါပ္ပတ္တခုဇ္ဇုတ္တရာအရိယာသာဝိကာ)သည် သာမာဝတီတို့အား တဖန်ပြန်လည်ဟောကြားအပ်သော သုတ်ပေါင်း ၁၁၂ သုတ်ရှိသော ဘုရားရှင်၏ စကားတော်အစဉ်ကို သံဂါယနာတင် အရှင်မြတ်တို့သည် "ဣတိဝုတ္တကပါဠိတော်" အမည်ဖြင့် သံဂါယနာတင်တော်မူခဲ့ကြသည်။

သာမာဝတီမိဖုရားကိုကား—

"ရဟန်းတို့။ ။မေတ္တာစျာန်ဖြင့် နေလေ့ရှိကြသည့် ငါဘုရား၏တပည့်မ သာဝိကာ၊ ဥပါသိကာတို့တွင် သာမာဝတီသည် အသာဆုံးအမြတ်ဆုံးဖြစ်ပေ၏"

ဟုချီးကျူး မိန့်မြွက်တော်မူကာ "မေတ္တာဝိဟာရီ တေဒဂ်" ရာထူး၌ ထားတော်မူလေသည်။

## ဆုထူးပန်ဆင်ခဲ့သူနှစ်ဦး

ဤခုဇ္ဇုတ္တရာနှင့် သာမာဝတီအလောင်း အမျိုးသမီးတို့ နှစ်ဦးစလုံးပင်၊ ပဒုမုတ္တရမြတ်စွာဘုရား လက်ထက်တော်အခါ၌ ဟံသာဝတီပြည်တွင် သဌေးသမီးများဖြစ်ကြ၏။ မြတ်စွာဘုရားကျောင်းတော်သို့ တရားနာ သွားကြရာတွင် ဥပါသိကာတယောက်ကို "ဗဟုသုတတေဒဂ်" ရာထူး၌ ထားတော်မူသည်ကို ခုဇ္ဇုတ္တရာအလောင်း သဌေးသမီး တွေ့မြင်၍ အားကျကာ ကောင်းမှုကုသိုလ်များပြုပြီး ထိုရာထူးဌာနန္တရကို ဆုတောင်းပတ္တနာခဲ့သည်။ မြတ်စွာဘုရားရှင် ကလည်း ဗျာဒိတ်စကားကြားတော်မူခဲ့လေသည်။

သာမာဝတီအလောင်း သဌေးသမီးသည်လည်း မြတ်စွာဘုရားရှင်တာ ဥပါသိကာဘာယောက်ကို “မေတ္တာဖြင့်နေလေ့ရှိသောအရာဝယ်အသာဆုံးအမြတ်ဆုံး”(မေတ္တာဝိဟာရီဧတဒဂ်) ရာထူး၌ထားတော်မူသည်ကို တွေ့မြင်ရ၍ အားကျကာ၊ အမိကရ ကောင်းမှုကုသိုလ်များ ပြုပြီးလျှင် ထိုရာထူးဌာနန္တရကို ဆုတောင်းပတ္တနာမှုပြုခဲ့ရာ ပဒုမုတ္တရမြတ်စွာဘုရားရှင်၏ ဗျာဒိတ်တော်ကို ခံယူရရှိခဲ့လေသည်။

ထိုဘဝမှစုတေ၍ နတ်ပြည်၌ဖြစ်ပြီးလျှင် လူ့ပြည်နတ်ပြည်တို့၌ ကမ္ဘာတသိန်း လွန်မြောက်၍ ဤဘဒ္ဒကမ္ဘာသို့ ရောက်ခဲ့ပြီး ဂေါတမမြတ်စွာဘုရား ပွင့်ထွန်းတော်မူလာခိုက်ဝယ် ကောသမ္ဗီပြည် ဥတေနမင်း၏ မိဖုရားဖြစ်လာခဲ့ပြီး ဧတဒဂ်ဘွဲ့ရ ဥပါသိကာမဖြစ်လာခဲ့လေသည်။

ဤတွင်သာမာဝတီဝတ္ထုပြီး၏။

# နိဂုံး

ကျေးရွာအနှံ့"ဓမ္မပဒဝတ္ထုတော်များ" ပြန့်ပွားစေလိုသော စေတနာဆန္ဒဖြင့်(သက်သာစာစဉ်)အဖြစ် အမှတ် ၁ မှ ၆ အထိ ထုတ်ဝေခဲ့ရာ မိမိရည်မှန်းချက် အောင်မြင်သဖြင့် ဝမ်းမြောက် ဝမ်းသာဖြစ်ရပါသည်။

မိမိကိုယ်ကျိုးအတွက် လုံးဝမရည်ရွယ်၊ သာသနာတော် အကျိုး၊ ဗဟုသုတရှာမှီးလိုသူတို့အကျိုး အတွက်သာရည်မှတ်၍ ပြုစု ဖြန့်ဝေခဲ့ပါသည်။

ယခုတဖန် ဓမ္မမိတ်ဆွေများက အမှတ်(၁ မှ ၆) အထိသာ ရပ်နားမထားပဲ၊ ဆက်လက်၍ပြုစုထုတ်ဝေပါရန် စာအတန်တန် ဖြင့် အနှယ်နယ်အရပ်ရပ်မှ တိုက်တွန်းကြသောကြောင့် ဓမ္မပဒ လက်ရွေးစဉ်ဝတ္ထုများ အမှတ် (၇ မှ ၉)အထိ ဆက်လက်ပြုစု ရေးသားရပါသည်။

ဤတွင် ကျောင်းသားအရွယ် လူငယ်ကလေးများပါ စိတ်ဝင်စားစွာ ဖတ်ရှုလေ့လာ၍ စိတ်နှလုံးယဉ်ကျေးသိမ်မွေ့ ဗုဒ္ဓ ဘာသာရေးကော်များနှင့် ထိတွေ့နိုင်ရန်ရည်သန်ပြီး ရုပ်ပုံပေါင်းများ စွာကို အကုန်အကျခံကာ ထည့်သွင်းခဲ့ပါသည်။

လှခင် (ဆန်းညွန့်ဦး)
၁၉၇၃ ဇူလိုင်လ

# သုဇာတာနှင့် ဃနာနို့ဆွမ်း

သုဇာတာ ဗလိပူဇော်မှုပြု၍လာခဲ့ရာ မြတ်စွာဘုရားပွင့်တော်မူမည့် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၌ကားအကြိမ်ပေါင်းအနည်းဆုံး ၂၀ ကျော်မျှ ဗလိပူဇော်မှုပြုပြီးဖြစ်သည်ဟု မှတ်ယူခန့်မှန်းသင့်ပေ၏။

မှန်၏၊ မြတ်စွာဘုရား ဖြစ်တော်မူမည့် ထိုမဟာသက္ကရာဇ် ၁၀၃ ခုနှစ်လောက်အချိန်၌ သုဇာတာသဌေးကတော်၏သားယသ,သဌေးသားသည်ပင် အိမ်ထောင်ကျ၍ပြာသာဒ်သုံးဆောင်၌အလှည့်အလည် အာရုံငါးပါး ခံစားသုံးစွဲရှိနေလေပြီ။

ဤသို့အထူးမှာတမ်းခြင်းမှာ—

မြတ်စွာဘုရားဖြစ်မည့်နေ့၌ ဃနာနို့ဆွမ်း ကပ်လှူလာသော သုဇာတာကို အရွယ်ခပ်ငယ်ငယ် သဌေးသမီးကလေး အနေဖြင့် ခန့်မှန်းတတ်ကြသောကြောင့်ဖြစ်သည်။

(မဟာဗုဒ္ဓဝင် ဆဌမတွဲ တတိယပိုင်း၊ မျက်နှာ ၂၃၉ မှ)

---

**သက်သာစာစဉ်အမှတ်(၁) ဒါနဝတ္ထုများတွင်**

၁။ လယ်စာရင်းငှားဘဝမှ ဒါနကြောင့် နေ့ချင်းသဌေးကြီးဖြစ်သွားသော ပုဏ္ဏဝတ္ထု၊ ၂။ သမီးဥတ္တရာကို ပြည့်တန်ဆာမသီရိမာက ဆီပူဖြင့်လောင်းသောဝတ္ထု၊ ၃။ ရဟန်းတော်တပါးနှင့် သီရိမာဝတ္ထု၊ ၄။ တုန္ဒိကိုသည့် အာနန္ဒာသဌေးကြီးဝတ္ထု၊ ၅။ မြတ်သောအလှူအကိုရနတ်သားနှင့် ကုန္ဒကနတ်သားဝတ္ထု၊ ၆။ ဒါနကြောင့် နတ်ပြည် ရောက်ကြသူများဝတ္ထု၊ ၇။ နန္ဒိယသူကြွယ်ဝတ္ထု၊ ၈။ ကုလ္လိသဇာတ်ဝတ္ထု၊ ၉။ ဓမ္မိကဥပသကာ နတ်ပြည်ကလာခေါ်သောဝတ္ထု။

**သက်သာစာစဉ်အမှတ်(၂) အံ့မခန်း အလှူတော်ကြီးများတွင်**

၁။ ဇောတိကသဌေးကြီး၊မေဏ္ဍကသဌေးနှင့် ဆုထူးပန်ဆင် သူငါးဦး၊ ကာဠဝလ္လိယဝတ္ထု၊ အံ့ဖွယ်ရာ သုမနပန်းသည်အလှူဝတ္ထု ၉ ပုဒ် ရှေးဘဝ အတိတ်ဝတ္ထုများနှင့် ရဟန္တာဖြစ်ကြ သည်အထိ ပါရှိပါသည်။

**သက်သာစာစဉ်အမှတ်(၃) ကျောင်းအမကြီး ဝိသာခါတွင်**

ကျောင်းအမကြီးဝိသာခါ အမျိုးသမီးများ မှတ်သားစရာဝတ္ထု၊ အရှင်ကုမာရကဿပမယ်တော်ဝတ္ထု၊ နိဂြောဓသမင်မင်းဝတ္ထု၊ ကုမာရကဿပ ရဟန္တာဖြစ်ဝတ္ထု၊ အရှင်ဒဗ္ဗမထေရ်ဝတ္ထု၊ အရှင်ဗာဟိရဝတ္ထု၊ ပုက္ကုသာတိမင်းကြီး၏ လုံ့လဝီရိယဝတ္ထု၊ ဘဝဝဋ်ကြွေး ပြေးမလွတ်သူများဝတ္ထု၊ သိကြားမင်းစည်းစိမ်နှင့်မလဲသော သုပ္ပဗုဒ္ဓလူနူ၊ စသည်ဖြင့် ၉ ပုဒ်ပါရှိသည်။

**သက်သာစာစဉ် အမှတ်(၄) သာမဏေကျော်များဝတ္ထုတွင်**

ခုနစ်နှစ်သားနှင့် ရဟန္တာဖြစ်ကြသော သာမဏေကျော်များ၏ အံ့သြဖွယ်ရာတန်ခိုးတော်များ၊ ၁။ တိဿသာမဏေ၊ ၂။ ပဏ္ဍိတသာမဏေ၊ ၃။ သံကိစ္စသာမဏေ၊ ၄။ သုမနသာမဏေ၊ ၆။ သာနုသာမဏေ၊ ၇။ ဧတဒဂ်ရရှင်ရေဝတ၊ ၈။ ရှင်သီဝလိနှင့် သာမဏေကျော် ၄ ပါး။ဝတ္ထု ၉ ပုဒ်။

**သက်သာစာစဉ် အမှတ်(၅) စိတ်ဝတ္ထုများတွင်**

စိတ်တခုနိုင်၍ တရားပိုင် နိဗ္ဗာန်ပေါက်ကြသောပုဂ္ဂိုလ်များ အကြောင်း၊ စက္ခုပါလမထေရ်ဝတ္ထု၊ မဋ္ဌကုဏ္ဍလီနတ်သား ဝတ္ထု၊ မာတိကာမာတာဝတ္ထု၊ကုဒ္ဒါလပဏ္ဍိတဇာတ်၊ရှင်ကစ္စည်း ကိုပြစ်မှားသော သောရေယျသဌေး သားဝတ္ထု ဓေသာဋ္ဌက

ပုဏ္ဏား စသည့် ဝတ္ထု ၉ ပုဒ်။

**သက်သာစာစဉ် အမှတ်(၆) ဒေါသမာန ဝတ္ထုများတွင်**

ဒေါသမာန်ကြောင့် ဒုက္ခရောက်ကြရသော ဝတ္ထုများ၊ ကောသမ္ဗီရဟန်းများဝတ္ထု၊ ပလလဲဆင်မင်း၊ ဒီဃာဝုသတို့သား တိဿရဟန်း၊ ဒေါသချုပ်တည်း နတ်သမီး၊ ဆော့မျိုးတို့ရေလု သောဝတ္ထု၊ ပိင္ဂုလပဝတ္ထုရှည်၊ ဗန္ဓုလစစ်သူကြီးနှင့်မလ္လိကာ မိဖုရားဝတ္ထု စသည်ဖြင့် စိတ်ဝင်စားဖွယ်ရာ ဝတ္ထု ၉ ပုဒ်ပါရှိပါသည်။

**သက်သာစာစဉ်(၇) သာမာဝတီ မာဂဏ္ဍီဝတ္ထု**

ဥတေနမင်းဝတ္ထု၊ ဃောသကသူဌေး၏အံ့ဖွယ်၊ သာမာဝတီ ခုဇ္ဇုတ္တရာ၊ စဏ္ဍပဇ္ဇောတမင်း၊ မာဂဏ္ဍီ၊ ဝေဘာဝဝင်ကြေးများ၊ အံ့ဖွယ်ရာဝတ္ထုများ။

**သက်သာစာစဉ်(၈) ကိုကိုမင်းကြီး သမီးတော်ခုနစ်ပေါ်**

ဂေါတမဘုရားရှင်လက်ထက် အလှန်ကျော်ကြားတန်ခိုးကြီးမြိ ပါတ်နှင့်ပြည့်စုံကြသည့် ရဟန္တာအရှင်မများဖြစ်ကြသည့် ခေမာ ထေရီ၊ ဥပ္ပလဝဏ်ထေရီ၊ ပဋာစာရီထေရီတို့၏ ဘဝအဆက် ဆက်အံ့မခန်းအဖြစ်ဆန်းများ။

**သက်သာ စာစဉ်အမှတ်(၉) ကိုကိုမင်းကြီး သမီးတော်များ အဆက်။**

ဘဒ္ဒါကုဏ္ဍလကေသီထေရီ၊ ကိသာဂေါတမီထေရီ၊ မဟာဒိန္နာ ထေရီတို့၏ ဘုရားရှင်လက်ထက် ထူးခြားပြောင်မြောက်လစာ တောင်ဘွဲ့ရခဲ့ပုံများ။

ကြိုက်ရာရွေးချယ် ဖတ်ရှုပေး

## တခါဝယ်ထား သားစဉ်မြေးဆက်ဖတ်ရသည့်၊

ခေတ်မီဓမ္မပဒဝတ္ထုတော်ကြီး (အစမှအဆုံးထိ)

(ပထမတွဲမှပဉ္စမတွဲ) ငါးတွဲနှင့်အပြီး တတွဲ ၁၈/-

"လက်ရွေးစင် ဓမ္မပဒ" ၁ မှ ၆ အထိ တအုပ် ၃ ကျပ်

### လူကြီးများဖတ်ရန်ပုံပြင်များ (အတွင်းပုံများဖြင့်)

| | |
|---|---|
| သင်္ဂဇာဆရာတော် ဥပမာပုံပြင်ဝတ္ထုများ | ၆ ကျပ် |
| ဗန်းမော်ဆရာတော် ဟာသပုံပြင်ဝတ္ထုများ | ၆ ကျပ် |
| ဦးပေါ်ဦးလျှောက်ထုံး ပထမတွဲ ဒုတိယတွဲ | ၆ ကျပ် |
| စကားတောင်စား လက်တို ညွှိ | ၆ ကျပ် |
| ခုံတော်မောင်ကျော်ဘမ်းစကားစစ်ထိုးခန်း | ၆ ကျပ် |

### အင်္ဂလိပ်ဆေး မြန်မာဆေးနှင့် အိမ်တွင်းမှု

| | |
|---|---|
| ဦးသိန်းထွန်းမြင့် အိမ်တွင်းဆရာဝန် (ပထမတွဲ) | ၃၀ ကျပ် |
| ။ ဘီ၊ပီ၊အိုင်၊ နိုင်ငံခြားဆေးသုံးစွဲနည်း | ၁၅ ကျပ် |
| ။ ရှပ်ပြရှေးဦးသူနာပြုစုနည်း | ၈ ကျပ် |
| ဦးလှခင်၏ မီးဖိုချောင်မှဆေးစွမ်းကောင်းများ ပ-ဒု | ၆ ကျပ် |
| ဦးကြီးပုချက်နည်းပြုတ်နည်း ၅၀၀ | ၂၀ ကျပ် |
| ဒေါ်စိန်စိန်မုန့်လုပ်နည်းမျိုးစုံ | ၆ ကျပ် |
| ထိပ်တင်ထွဋ် ၁၄ ရက်အတွင်း အရပ်ရှည်နည်း | ၄ ကျပ် |
| ။ ကျားမ၊ ကိုယ်အလှ ၆လ လေ့ကျင့်စဉ် | ၆ ကျပ် |
| ကိုင်ရှိ၏အဆင့်မြင့်လက္ခဏာ (၁) ၁၅ကျပ်။ အမှတ် ၂-၂၀ ကျပ် | |
| ခေတ်ဟောင်းတေးများ မောင်တင်ထွေး | ၁၅ ကျပ် |
| ရွှေနန်းသုံး မဟာဂီတပေါင်းချုပ် | ၃၀ ကျပ် |
| ခေတ်ပေါ် ရှပ်အင်္ကျီချုပ်နည်းများ။ ဦးမျိုးလွင် | ၂၀ ကျပ် |
| တက္ကသိုလ်မြင့်နိုင်၊ ကလေးသူငယ် ဥပဒေများ | ၆ ကျပ် |
| ။ ။ အမျိုးသမီး ဥပဒေများ | ၁၀ ကျပ် |